# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၅ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လက်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အနေဖြင့် စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျှော့နည်းစေရန်နှင့် အသုံးစရိတ်လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၄**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ယနေ့အစည်းအဝေးသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်သည့် အစည်းအဝေးဖြစ်ကြောင်း။


*စာမျက်နှာ ၄ ကော်လံ ၁*❖


**ယနေ့** ဖတ်စရာ

ဆောင်းသီးနှံ နေကြာဆီနှင့် ကျန်းမာရေး


ဆောင်းပါး
စာ - ၆




ပေကျင်း ဆောင်းရာသီ အိုလံပစ်ပွဲတော်နှင့် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှု


ဆောင်းပါး
စာ - ၁၆




မြန်မာ့အလင်း

# ချွေတာကြစို့

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေတို့က ကမ္ဘာ့နိုင်ငံအသီးသီးကို ရိုက်ခတ်လျက်ရှိသည်။ နိုင်ငံတိုင်းတွင် အခက်အခဲကိုယ်စီ၊ စိန်ခေါ်မှုကိုယ်စီ ရင်ဆိုင်နေကြရခြင်းဖြစ်သည့် အလျောက် လက်ရှိကြုံတွေ့နေကြရသည့် အကျပ်အတည်းများကို ကြံ့ကြံ့ခိုင်ခိုင် ခုခံနိုင်ကြရေးနှင့် အလျင်မြန်ဆုံး ရုန်းထွက်လွတ်မြောက်နိုင်ရေးအတွက် စီမံဆောင်ရွက်နေကြရသည်။

မိမိတို့နိုင်ငံတွင်လည်း နှစ်နှစ်ပတ်လည်ကာလဆီသို့ ရောက်ရှိလာပြီဖြစ်သည့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို နိုင်နိုင်နင်းနင်း ဆက်လက်ထိန်းချုပ်သွားပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍများ ပြန်လည် လည်ပတ်နိုင်ရေးနှင့် ဦးမော့လာစေရေးတို့အတွက် ခြိုးခြံချွေတာရေးမူကိုပါ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ "၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သည် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အားပေးဆောင်ရွက်ရမည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာ သာမန်အသုံးစရိတ်များဖြစ်သည့် ဝန်ထမ်းလစာစရိတ်များ၊ စက်သုံးဆီစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ စသည်တို့ကို ခြိုးခြံချွေတာပြီး GDP တိုးတက်စေမည့် ကုန်ထုတ်လုပ်မှု အကျိုးပြု အသုံးစရိတ်များနှင့် ဒေသဖွံ့ဖြိုးရေး အသုံးစရိတ်များကို ဦးစားပေးသုံးစွဲသင့်သည့် နှစ်ဖြစ်ကြောင်း" ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ အသုံးစရိတ်များ ထိထိရောက်ရောက် သုံးစွဲခြင်းနှင့် ခြိုးခြံချွေတာခြင်းတို့ကို မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် ရငွေနှင့် သုံးငွေအချိုး ကောင်းမွန်လာမည်ဖြစ်သည်။

အကျပ်အတည်းမှ ထမြောက်နိုင်ရေးနှင့် နိုင်ငံပြန်လည်ထူထောင်ရေးတို့ကို ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့နိုင်ငံများစွာတို့ ကြိုးပမ်းခဲ့ကြရပြီး ခြိုးခြံချွေတာရေး အစီအစဉ်များကိုလည်း နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ကြရဖူးသည်။ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများတွင် အုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များ အတတ်နိုင်ဆုံး လျှော့ချ၍ ချွေတာသုံးစွဲမှုများ ဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုအတွင်း၌လည်း ခြိုးခြံချွေတာမှုများ ကျင့်သုံးကြမည်ဆိုပါက ကောင်းသောအကျိုးရလဒ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ မလိုအပ်ဘဲ သွားလာမှုမပြုလုပ်ခြင်းဖြင့် ခရီးစရိတ်/ စက်သုံးဆီ ချွေတာခြင်း၊ အပိုစားသောက်မှုများ လျှော့ချခြင်း၊ နေအိမ်တွင် ဓာတ်အားသုံးစွဲမှု၊ ရေသုံးစွဲမှုများ လျှော့ချခြင်းတို့ကို အစီအစဉ်တကျ ကောင်းစွာ စီမံခန့်ခွဲကျင့်သုံးသွားမည်ဆိုပါက မိသားစုအတွင်း စည်းကမ်းပိုမိုကောင်းမွန်လာခြင်း၊ ပိုမို၍ စည်းလုံးညီညွတ်လာခြင်း၊ ငွေကြေးအခက်အခဲ အကျပ်အတည်းများ လျော့နည်းလာခြင်း၊ ငွေစုဆောင်းနိုင်ခြင်း စသည့်ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် ခြိုးခြံချွေတာရေး အစီအစဉ်များသည် နိုင်ငံအဆင့်တွင် မဆိုထားဘိ မိသားစုအတွင်း၌ပင် လူကြိုက်များသည့် အစီအစဉ်မျိုးမဟုတ်။ အဦးအစပိုင်းတွင် အခက်အခဲအနည်းငယ်ရှိနိုင်သော်လည်း နေသားကျသွားသည့်အခါတွင် အခက်အခဲမဟုတ်တော့။ မိမိတို့၏ ခြိုးခြံချွေတာမှုကြောင့် အကျိုးရှိသည်ကို ကိုယ်တိုင်ခံစားကြရသည့်အခါတွင် လိုလိုလားလားဖြင့် ဆက်လက်ကျင့်သုံးသွားကြမည်သာဖြစ်သည်။ တစ်ဖက်တွင်လည်း ဝင်ငွေပိုမိုရရှိရေး အလုပ်ကြိုးပမ်းလုပ်ကိုင်ခြင်းဖြင့် မိမိတို့၏ လူမှုဘဝများ မြင့်မားလာမည်ဖြစ်ရာ အသုံးစရိတ်များ လျှော့ချကာ ခြိုးခြံချွေတာခြင်းနှင့် ဝင်ငွေပိုမိုရရှိရေး ကြိုးစားဆောင်ရွက်ခြင်းတို့ဖြင့် အကျပ်အတည်းများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် မတ် ၄

ဆေးပညာဘွဲ့ရ ဆရာဝန် (အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းစိုး နှင့် တပ်နယ်မှ အရာရှိကြီးများ၊ သင်တန်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က သင်တန်းဆင်း ဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်၍ အမှာစကားပြောကြားသည်။ အခမ်းအနားအပြီးတွင် စစ်ရာထူးခန့်ချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း အရာရှိများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆေးပညာဘွဲ့ရ ဆရာဝန် (အမျိုးသမီး) နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး) ဗိုလ်လောင်းသင်တန်းအား အမှတ်စဉ်(၁)မှ (၆) အထိ အမျိုးသမီး ပြန်တမ်းဝင်အရာရှိ ၉၀ ကို သင်တန်းဆင်းပေးခဲ့ပြီး ဆေးမှူးပြန်တမ်းဝင် အရာရှိများအဖြစ် ယခုအခါ တပ်မတော်ဆေးရုံများတွင် တာဝန်အသီးသီး ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သီပေါ၌ ဆီထွက်မုန်ညင်းစံကွက်ရိတ်သိမ်း တစ်ဧက ၁၈ တင်းနှုန်းထွက်ရှိ

**သီပေါ မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင် တောင်သူများ ပူးပေါင်း၍ အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့် ကိုက်ညီသော eanola ဆီထွက်မုန်ညင်းမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်ကို အထွက်နှုန်း သိရှိစေရန် စံကွက်ရိတ်သိမ်းခြင်းနှင့် မျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် ရည်ရွယ်ပြီး ပတ်ဝန်းကျင် တောင်သူများနှင့် စိုက်ပျိုးပညာပေးဝန်ထမ်းများ လေ့လာနိုင်ရန် ကွင်းပြပွဲကို ယနေ့နံနက်ပိုင်းက ပေါ်ကြိုကျေးရွာအုပ်စု တောင်သူမနန်းငွေး၏ တောင်ယာခင်း၌ ကျင်းပသည်။

ဆီမုန်ညင်းစံကွက် ရိတ်သိမ်းရာသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးထွန်းမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကွင်းတာဝန်ခံများနှင့် တောင်သူများ တက်ရောက်ကြပြီး ၁၁၃ ရက်သားရှိ စမ်းသပ်စိုက်ပျိုးထားသော ဆီထွက်မုန်ညင်းမျိုးကို စံကွက် ရိတ်သိမ်းကြရာ တစ်ဧက ၁၈ တင်းနှုန်း ထွက်ရှိသဖြင့် တောင်သူများ စိတ်ဝင်စားကာ တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရရှိမည့်အခွန်အကောက်ရငွေများ၊ အခြားသာမန်ရငွေများကို လျာထားသည့်အတိုင်း ပြည့်ဝစွာကောက်ခံရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၄**

၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### ဆက်လက်တင်ပြသွားမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးသို့ မတင်ပြမီ စိစစ်သည့်အစည်းအဝေး ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးများနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ချိတ်ဆက်၍ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ညှိနှိုင်းစိစစ်ထားပြီးဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ထပ်မံဆွေးနွေးပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သည်နိုင်ငံတော်က ဘဏ္ဍာရေးနှစ်ကို ပြန်လည်ပြောင်းလဲပြင်ဆင်သတ်မှတ်ပြီးနောက် စတင်ဆောင်ရွက်သည့်ပထမဆုံးဘဏ္ဍာရေးနှစ်ဖြစ်ကာ တစ်နှစ်တာကာလ ဘတ်ဂျက်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ဘတ်ဂျက်များ လျာထားရာတွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ အကျိုးစီးပွားလိုအပ်ချက်များကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အကူပြုစေသည့်အသုံးစရိတ်များ ဦးစားပေးသတ်မှတ်လျာထားကြသည်ကို တွေ့ရကြောင်း။

> ◆ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သည် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အားပေးဆောင်ရွက်ရမည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာ သာမန်အသုံးစရိတ်များဖြစ်သည့် ဝန်ထမ်းလစာ စရိတ်များ၊ စက်သုံးဆီစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ စသည်တို့ကို ခြိုးခြံချွေတာပြီး GDP တိုးတက်စေမည့် ကုန်ထုတ်လုပ်မှု အကျိုးပြုအသုံးစရိတ်များနှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်များကို ဦးစားပေးသုံးစွဲသင့်သည့် နှစ်ဖြစ်

### ထိရောက်စွာသုံးစွဲ

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံ ပြောင်းလဲမှုဖြစ်စဉ်များအရ နိုင်ငံတော်၏ ကဏ္ဍာစုံရငွေများလျော့နည်းနိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေကို ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကထက် ၁၂ ရာခိုင်နှုန်း လျော့နည်းပြီး ၈၈ ရာခိုင်နှုန်းအထိ ထောက်ပံ့ထားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ အခွန်ဝေစုကိုလည်း အလားတူ လျော့နည်းခွဲဝေပေးခဲ့ရကြောင်း၊ သို့ရာတွင် ပြည်ထောင်စုမှ ထောက်ပံ့ငွေရငွေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရငွေအပေါ် မူတည်၍ ပြည်သူလူထု၏ လိုအပ်ချက်များကို တိုက်ရိုက်အကျိုးပြုစေမည့် လုပ်ငန်းများကို ထိရောက်စွာသုံးစွဲကြရန် တိုက်တွန်းလိုကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်သည် တိုင်းပြည် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အားပေးဆောင်ရွက်ရမည့်နှစ်တစ်နှစ်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာသာမန်အသုံး စရိတ်များဖြစ်သည့် ဝန်ထမ်းလစာစရိတ်များ၊ စက်သုံးဆီစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များစသည်တို့ကို ခြိုးခြံချွေတာပြီး GDP တိုးတက်စေမည့် ကုန်ထုတ်လုပ်မှု အကျိုးပြုအသုံးစရိတ်များနှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်များကို ဦးစားပေးသုံးစွဲသင့်သည့် နှစ်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်သည့်အချိန်တွင် အခြေခံအားဖြင့် သာမန်အသုံးစရိတ်ဆိုင်ရာအချက် ၂ ချက် ၊ ငွေလုံးငွေရင်းအသုံး စရိတ်ဆိုင်ရာအချက် ၂ ချက်နှင့် ပြည်ပချေးငွေပြည်ပအကူအညီရငွေကို အမှန်တကယ်ရနိုင်မည့် ပမာဏကိုသာ ခန့်မှန်းလျာထား စိစစ်ထားသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ညှိနှိုင်း၍ စိစစ်ထားသော ဘဏ္ဍာငွေအရအသုံးလျာထားချက်များနှင့် စပ်လျဉ်း၍ ထပ်မံဖြည့်စွက် တင်ပြရန်ရှိပါက တင်ပြနိုင်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု အကျဉ်းချုပ်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

### ကြပ်မတ်ဆောင်ရွက်

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့် ကိုက်ညီမှုရှိစေရန်နှင့် နိုင်ငံတော်၏ မူဝါဒများအရ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲစေလိုကြောင်း၊ ထိုသို့သုံးစွဲကြရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် တင်ပြဆွေးနွေးသည့် တွေ့ရှိချက်နှင့်အကြံပြုချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ သုံးစွဲကြရာတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်နှင့် အသုံးစရိတ်များအတွက်မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို စာရင်းစစ်ဆေးခံနိုင်ရန် အဆင်သင့်ဆောင်ရွက်ထားကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရရှိမည့်အခွန်အကောက်ရငွေများ၊ အခြားသာမန်ရငွေများကိုလည်း လျာထားသည့်အတိုင်း ပြည့်ဝစွာကောက်ခံရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အသုံးစရိတ်များ အကောင်အထည်ဖော်ရာတွင် မိမိတို့ အစိုးရလက်ထက်၌ တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန် စီမံအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များကို တတ်နိုင်သမျှခြိုးခြံချွေတာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အသုံးစရိတ်များကိုသာ ဦးစားပေး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

**❖ ယခုကာလသည် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်လည်းကောင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြောင့်လည်းကောင်း ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းခဲ့ရပြီး အထွေထွေကုန်စည်ဈေးနှုန်းများ၊ ကမ္ဘာ့ရွှေဈေး၊ ရေနံဈေးနှင့် ငွေကြေးဈေးနှုန်းမတည်ငြိမ်မှုများလည်း ကြုံတွေ့နေကြရ၊**

**❖ ထို့အတူ မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများ၏ စီးပွားရေးအခြေအနေကိုလည်း ရိုက်ခတ်မှုများရှိနေသည်ကို ကြုံတွေ့နေကြရ၊ ထို့ကြောင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီနိုင်ရန် အခွန်ဆိုင်ရာ ဖြေလျှော့မှုများနှင့် ငွေကြေးထောက်ပံ့မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့ရ**

❖ *ရွှေဖုံးမှ*

နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စိစစ်တင်ပြလာသည့် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ထပ်ဆင့်စိစစ်သွားမည်ဖြစ်ကြောင်း။

**ငွေကြေးဈေးနှုန်းမတည်ငြိမ်မှုများကြုံတွေ့**

ယခုကာလသည် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လည်းကောင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြောင့်လည်း ကောင်း ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းခဲ့ရပြီး အထွေထွေကုန်စည်ဈေးနှုန်းများ၊ ကမ္ဘာ့ရွှေဈေး၊ ရေနံဈေးနှင့် ငွေကြေးဈေးနှုန်းမတည်ငြိမ်မှုများလည်း ကြုံတွေ့နေကြရကြောင်း၊ ထို့အတူ မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများ၏ စီးပွားရေးအခြေအနေကိုလည်း ရိုက်ခတ်မှုများရှိနေသည်ကို ကြုံတွေ့နေကြရကြောင်း၊ ထို့ကြောင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီနိုင်ရန် အခွန်ဆိုင်ရာ ဖြေလျှော့မှုများနှင့် ငွေကြေးထောက်ပံ့မှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့ရကြောင်း၊ နိုင်ငံတော်၏ ရငွေရရှိမှုကို ထိခိုက်ခဲ့ကြောင်း၊ တစ်ဖက်တွင်အစိုးရအနေဖြင့် နိုင်ငံအတွက် မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များနှင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် အသုံးစရိတ်များကို သုံးစွဲကြရကြောင်း။

အဆိုပါ အခြေအနေများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ရငွေများကိုလျော့နည်းခန့်မှန်းလျာထားခဲ့ရပြီး ရငွေရရှိနိုင်မှုအနေအထားအပေါ်မူတည်၍ အသုံးစရိတ်ကို စိစစ်ခွဲဝေပေးရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယခုနှစ်တွင် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အသုံးစရိတ်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို ဦးစားပေးလျာထား ဆောင်ရွက်ကြစေလိုကြောင်း။

**စက်သုံးဆီသုံးစွဲမှု စိစစ်ခွင့်ပြုထား**

စက်သုံးဆီသုံးစွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် စက်သုံးဆီများကိုပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းစေရန်နှင့် အသုံးစရိတ်လျှော့ချနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စက်သုံးဆီသုံးစွဲမှုဆိုင်ရာညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီး ညွှန်ကြားချက်နှင့်အညီ စိစစ်ခွင့်ပြုထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၏ သာမန်အသုံးစရိတ်တွင် စက်သုံးဆီနှင့်ပတ်သက်၍ ဌာန၊ အဖွဲ့အစည်းများက ဝန်ထမ်းရာထူးအဆင့်အလိုက် သတ်မှတ်လျာထားသည့် စက်သုံးဆီ၊ အုပ်ချုပ်မှုသုံးနှင့် လုပ်ငန်းသုံးယာဉ်များအတွက် လျာထားသော စက်သုံးဆီ အရေအတွက် ဂါလန်များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် လျာထားခဲ့သည့် စက်သုံးဆီအရေအတွက် ဂါလန်များနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များသည် အဆောင်အယောင်များ ဆိုင်ရာဥပဒေအရ ခံစားခွင့်ပြုထားသည့် မော်တော်ယာဉ်များ၏ စက်သုံးဆီသုံးစွဲခွင့်ပြုနှုန်းထားများကိုလည်း လက်ရှိနိုင်ငံတော်၏ရငွေပိုင်းအခြေအနေအရ၊ ခြိုးခြံချွေတာရေးအရ ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ လျှော့ချ သုံးစွဲကြမည်ဖြစ်ကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကဏ္ဍများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးခွင့်ပြုပေးထားကြောင်း၊ ဝန်ထမ်းအိမ်ရာအသစ်၊ ရုံးအသစ်ဆောက်လုပ်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူခြင်း စသည်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘတ်ဂျက် အမှာစာပါ ညွှန်ကြားချက်များနှင့် အရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြရာတွင် လိုက်နာရမည့် အခြေခံမူများနှင့်အညီစိစစ်လျှော့ချပြီး နယ်မြေဒေသအခြေအနေနှင့် လုံခြုံရေးအခြေအနေများအရ လိုအပ်သော ကိစ္စများကိုသာ ခွင့်ပြုပေးထားကြောင်း။

**အရအသုံးလျာထားချက် စာရင်း**

ဝန်ကြီးဌာနများအလိုက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်၊ ရက်စွဲပါ စာဖြင့် ဘတ်ဂျက်ရေးဆွဲရာတွင်လိုက်နာရမည့် ကိစ္စရပ်များ ၊ အကြောင်းကြားချက်များနှင့် စပ်လျဉ်း၍ ရေးဆွဲတင်ပြလာသည့် အရအသုံးငွေစာရင်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခြေခံမူအဖြစ် သာမန်အသုံးစရိတ်ကဏ္ဍတွင် ၇ ချက်၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ၄ ချက် စသည်ဖြင့် အသေးစိတ်ဆောင်ရွက်ပြီးမှသာ ဝန်ကြီးဌာနများအလိုက် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးလျာထားချက် စာရင်းကို ယနေ့ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။ ထိုသို့ဆွေးနွေးကြရာတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ နေပြည်တော်ကောင်စီ အပါအဝင် ဝန်ကြီးဌာန ၁၀ ခုကို ထူးခြားသည့် အသုံးစရိတ်အဖြစ် လျာထားပေးထားသည်ကို တွေ့ရကြောင်း၊ ထို့ပြင် Quick & Win ရရှိနိုင်မည့် အသုံးစရိတ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ စက်မှုဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန ၃ ခုကို နိုင်ငံတော်၏ စီမံကိန်းဖြစ်သည်နှင့် အညီလျာထားသတ်မှတ်ပေးထားကြောင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့သည် ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝသည့် နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် ကျင်းပနိုင်ရေးအတွက် ဘတ်ဂျက်ဆိုင်ရာ လျာထားချက်တွင် မဖြစ်မနေထည့်သွင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်တင်ပြလာသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးတွင် ပြည်ထောင်စု အဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်များကို ထပ်မံဆွေးနွေး တင်ပြကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအဆင့်ဌာန ၊ အဖွဲ့အစည်းများမှ ရေးဆွဲတင်ပြလာသော ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ခြုံငုံရှင်းလင်းတင်ပြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဖွဲ့ဝင် ဦးညဏ်ထွန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်တို့က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း စိစစ်ခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်သို့ တင်ပြသွားမည်ဖြစ်ကြောင်း။

**စီးပွားရေးပြန်လည် ဦးမော့လာစေရန်**

ဖြည့်စွက်တင်ပြကြသည့် ဝန်ကြီးဌာနများ အနေဖြင့်လည်း အချိန်မီတင်ပြနိုင်ရေး ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆက်လက်ပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ ဆက်လက် တင်ပြကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု အဆင့်ဌာန၊ အဖွဲ့အစည်းများက တင်ပြတောင်းခံကြသည့် အသုံးစရိတ်များတွင် ပုံမှန်သုံးစွဲနေကျ အသုံးစရိတ်များအပြင် နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အထောက်အကူဖြစ်စေမည့် အသုံးစရိတ်များလည်း ပါဝင်ကြောင်း၊ ပုံမှန်သုံးစွဲရသည့် အသုံးစရိတ်များအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာအသုံးစရိတ်များ၊ လျှပ်စစ်နှင့်စွမ်းအင် လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကိုအကျိုးပြုစေသော အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူဖြစ်စေသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသုံးစရိတ်များ ပါဝင်ပြီး နိုင်ငံတော်၏ စီးပွားရေးပြန်လည် ဦးမော့လာစေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များ ပါဝင်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆက်လက်သုံးစွဲရမည့် အသုံးစရိတ်များ၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းပစ္စည်းဝယ်ယူသည့် အသုံးစရိတ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း စိစစ်ခွင့်ပြုပေးထားကြောင်း၊ ပြည်တွင်း ဆောက်လုပ်ရေး လုပ်ငန်းများတွင်အဓိကလိုအပ်သော သံမဏိပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုလျှော့ချသွားရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းသွားစေရေးအတွက် လည်းကောင်း၊ ပြည်တွင်းနေနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် လည်းကောင်း၊ စက်မှုဝန်ကြီးဌာနတွင် ရပ်ဆိုင်းထားသော သံမဏိစက်ရုံ (မြင်းခြံ) နှင့် (ပင်းပက်) စီမံကိန်းများ ပြန်လည် လည်ပတ်နိုင်ရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးထားကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ အားကစားနှင့် လူငယ်ရေးရာဆိုင်ရာ အခြေခံ

*စာမျက်နှာ ၅ သို့*

**"၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၏ သာမန်အသုံးစရိတ်တွင် စက်သုံးဆီနှင့်ပတ်သက်၍ ဌာန၊ အဖွဲ့အစည်းများက ဝန်ထမ်းရာထူးအဆင့်အလိုက် သတ်မှတ်လျာထားသည့် စက်သုံးဆီ၊ အုပ်ချုပ်မှုသုံးနှင့် လုပ်ငန်းသုံးယာဉ်များအတွက် လျာထားသော စက်သုံးဆီအရေအတွက် ဂါလန်များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် လျာထားခဲ့သည့် စက်သုံးဆီအရေအတွက် ဂါလန်များနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းသွားသည်ကို တွေ့ရမည်"**

စာမျက်နှာ ၄ မှ

အဆောက်အဦအသစ်များ တည်ဆောက်နိုင်ရေး အတွက်လည်းအသုံးစရိတ်များ လျာထားခွင့်ပြုပေးထားသည်ကို တွေ့ကြရကြောင်း။

ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အမှန်ရရှိနိုင်မည့် ပြည်ပအကူ အညီရငွေ၊ ပြည်ပချေးယူရငွေများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအတွက် အသုံးစရိတ်များကိုလည်း စိစစ်ပြီးလျာထားခွင့်ပြုထားကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် ဘဏ္ဍာငွေများကိုသုံးစွဲ၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သုံးစွဲကြရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရန်လိုအပ်ပြီး နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက် အကြံပြုချက်များကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပချေးငွေများ ရယူထားသည့် အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ရယူထားသည့် ချေးငွေများကို အကျိုးရှိစွာသုံးစွဲရန်လိုအပ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများ၏ ရငွေလျာထားချက်များကိုပြည့်မီရုံ သာမက လျာထားချက်ထက် ကျော်လွန်ရရှိအောင်ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ ရေးနှစ်တွင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏စီးပွားရေး အခြေအနေပြန်လည်မြှင့်တင်ကောင်းမွန်လာစေရေးအတွက် ဘက်စုံကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

---

စာမျက်နှာ ၃ မှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို နှိုင်းယှဉ်သည့်အခါ စုစုပေါင်း ရငွေပိုင်းတွင် ၂၀၁၉ - ၂၀၂၀ အမှန်စာရင်းစုစုပေါင်းရငွေသည် ကျပ်၁၁၇၇ဘီလီယံကျော်ရှိပြီး ၂၀၂၀- ၂၀၂၁ ရှေ့ပြေးအမှန်မှာ ကျပ် ၇၈၆ ဒသမ ၆ ဘီလီယံကျော် ၊ ၂၀၂၁ - ၂၀၂၂ မီနီဘတ်ဂျက် ၆ လ မူလခန့်မှန်းခြေသည် ကျပ် ၅၁၆ ဒသမ ၈ ဘီလီယံကျော်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် လျာထားအပေါ် စိစစ်ပြီး ၁၀၅၈ ဒသမ ၉ ဘီလီယံကျော် ဖြစ်သည်ကို တွေ့ရကြောင်း၊ စုစုပေါင်းသုံးငွေပိုင်းကို ကြည့်မည်ဆိုလျှင် ၂၀၁၉ - ၂၀၂၀ အမှန်စာရင်းသည် ကျပ် ၃၃၄၁ ဘီလီယံကျော် ၊ ၂၀၂၀-၂၀၂၁ ရှေ့ပြေးအမှန်စာရင်းသည် ကျပ်ဘီလီယံ ၃၀၅၃ ဒသမ ၅ ဘီလီယံကျော် မီနီဘတ်ဂျက်တွင် ကျပ် ၁၅၇၉ ဒသမ ၈ ဘီလီယံကျော်နှင့် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပြီး ခန့်မှန်းကျပ် ၃၃၃၁ ဒသမ ၅ ဘီလီယံ ကျော်ရှိမည်ဟုခန့်မှန်းထားသည်ကို စာရင်းဇယားများအရ၊ စိစစ်ချက်များအရ တွေ့ရှိရရကြောင်း၊ ရသုံးစာရင်းနှိုင်းယှဉ်မည်ဆိုလျှင် နှစ်စဉ်ရငွေနှင့် သုံးငွေပျမ်းမျှအချိုးသည် ၁ အချိုး ၃ ရှိသည်ကို တွေ့ရပြီး သုံးငွေကဏ္ဍသည် ရငွေကဏ္ဍထက် ၃ဆ ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဝင်ငွေရရှိရေးနှင့် သုံးငွေလျှော့ချရေး အတွက် သက်ဆိုင်ရာဝန်ကြီးချုပ်များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်စုံ ထောင့်စုံမှစိစစ်ခြင်း၊ ခြိုးခြံချွေတာခြင်းစသည့် လုပ်ငန်းများကို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပို့ကုန်နှင့် ပြည်ပဝန်ဆောင်မှုကဏ္ဍ၊ ပို့ကုန်အမယ်များ တိုးတက်စေရေးကဏ္ဍ၊ GDP တွင် လယ်ယာ၊ သား၊ ငါး၊ သစ်တောကဏ္ဍအချိုးမြင့်မားစေရေး ကဏ္ဍအပြင် စက်မှုကဏ္ဍ၌ နိုင်ငံတော်၏စီမံကိန်းများတွင် လိုအပ်သလို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

**● တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပို့ကုန်နှင့် ပြည်ပဝန်ဆောင်မှုကဏ္ဍ၊ ပို့ကုန်အမယ်များ တိုးတက်စေရေးကဏ္ဍ၊ GDP တွင် လယ်ယာ၊ သား၊ ငါး၊ သစ်တောကဏ္ဍအချိုး မြင့်မားစေရေးကဏ္ဍအပြင် စက်မှုကဏ္ဍ၌ နိုင်ငံတော်၏စီမံကိန်းများတွင် လိုအပ်သလို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်**

အသုံးစရိတ်ပိုင်းတွင် မီနီဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှင့် အရအသုံး အချိုးကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၏ အသုံးစရိတ် အချိုးကလျော့နည်းပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် အသုံးစရိတ်အချိုးတိုးမြင့်လာကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် ယခင်နှင့် ယခုအချိုး တူညီနေကြောင်း၊ အသုံးစရိတ်များခြင်း၊ အသုံးစရိတ်ကို မူလအတိုင်းသုံးရန် လျာထားခြင်းအပေါ် အတတ်နိုင်ဆုံး စိစစ်သုံးစွဲနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လျာထားအသုံးစရိတ်အတွက် မဖြစ်မနေစရိတ်များကိုသာ အတတ်နိုင်ဆုံးလျှော့ချသုံးစွဲ သွားကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်၏ GDP တိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စီမံကြီးကြပ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးလျာထားချက်များကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်သို့ ဆက်လက်တင်ပြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပြီးသည့်အခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ထိုသို့ပြဋ္ဌာန်းပြီးသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ ဥပဒေထုတ်ပြန် ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို အချိန်မီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ် ( ၃ /၂၀၂၂) ကျင်းပ

**နေပြည်တော် မတ် ၄**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဃာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်းအဝေး အမှတ်စဉ် (၂ /၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးရဲတင့်၊ ဦးမျိုးလှိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရန် ကိစ္စရပ်များနှင့် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂) တွင် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် အစည်းအဝေး ဆုံးဖြတ်ချက်ပါ ဆောင်ရွက်ရန် ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည် ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဆောင်းသီးနှံ နေကြာဆီနှင့် ကျန်းမာရေး

ပေါက်ပေါက်



> “နေကြာပင်များသည် မျိုးစိတ်အများအပြားရှိကြပြီး အသုံးပြုမှုအရ လှော်စားသောနေကြာစေ့နှင့် ဆီကြိတ်သော နေကြာဟူ၍ ကွဲပြားပါသည်။ လှော်စားသောနေကြာမှာ အစေ့ခွံထူ၍ အစေ့အရွယ်ကြီးပါသည်။ ဆီကြိတ်သော နေကြာမှာ အခွံပါးပြီး အစေ့ခွံနှင့် အသားမှာကပ်နေပါသည်။ ပန်းပွင့်၏ နောက်ကျောဘက် အဝါရောင် ပြောင်းပြီး အညိုကွက်များဖြစ်ပေါ်နေလျှင် အစေ့များ ရင့်မှည့်လာပြီဖြစ်ပါသည်။ အပွင့်မကြီးလွန်း၊ မသေးလွန်း ပုံသဏ္ဌာန်မှန်ပြီး အစေ့အရောင်တူညီသော ပန်းပွင့်များကို ရွေးချယ်၍ သီးသန့်ရိတ်သိမ်းရပါသည်။ နေကြာပွင့်အုံများကို ဓားဖြင့်ဖြတ်ယူ၍ နေလှန်း၊ တုတ်ဖြင့် ရိုက်ခြွေကြရပါသည်။ နေကြာဆီထုတ်ယူရရှိရန်အတွက် အစေ့များကို ခြောက်သွေ့အောင်နေလှန်းပြီးနောက် ဆီကြိတ်ယူရပါသည်”

### ထူးခြားတဲ့ နေကြာပန်း

နေကြာပင်၏ သိပ္ပံအမည်မှာ Helian thusannus ဖြစ်ပြီး နေကြာစေ့ကို အင်္ဂလိပ်လို Sun Flower Seeds ဟု ခေါ်ပါသည်။ နေကြာပင်၏ ထူးခြားချက်မှာ ရေသောက်မြစ်ရှည်လျားပြီး အမြစ်အုံဖွဲ့စည်းပုံ အလွန်ကောင်းသောကြောင့် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသည်။ နေကြာပန်း ဟုခေါ်ဆိုသော်လည်း နေကြာပန်းပွင့်လေးများ ပွင့်ရင်းခံပေါ်မှာ စုပြုံတည်နေသော ပန်းခိုင်အုံကြီး ဖြစ်ပါသည်။ ၎င်းပန်းအုံကြီးထဲတွင် ပန်းပွင့်နှစ်မျိုး ရှိပါသည်။ ဘေးပတ်လည်က အဝါရောင် တောက်တောက် ပွင့်ချပ်များကို Ray Florets ဟုခေါ်၍ အတွင်းဘက်ပိုင်းတွင် ခရုပတ်သဏ္ဌာန် စီတန်းလျက်ရှိသော ပန်းပွင့်ငယ်ကလေးများကို Disc Florets ဟု ခေါ်ပါသည်။ ထိုအပွင့်ငယ်လေးမှာ အဖိုဝတ်မှုန်နှင့် အမဝတ်မှုန် နှစ်မျိုးစီပါရှိသော်လည်း အဖိုဝတ်မှုန်က စော၍ရင့်မှည့်လေ့ရှိပါသည်။ ဖိုမဝတ်မှုန် ရင့်မှည့်ချိန် မတူညီသောကြောင့် ပျားကောင်များ၏ အကူအညီဖြင့် အပင်တစ်ပင်မှ အခြားတစ်ပင်သို့ သဘာဝနည်းအရ ဝတ်မှုန်ကူးပြောင်းလေ့ရှိကြပါသည်။ စီးပွားဖြစ် နေကြာပန်းစိုက်ခင်းများတွင်မူ လူအင်အားဖြင့် ဝတ်မှုန်ကူးယူကြပါသည်။ နေကြာပန်းများ ဝတ်မှုန်ကြွေချိန် ရောက်သည့်အခါ နေကြာရွက်ပေါ်တွင် ဝတ်မှုန်ကိုခံယူ၍ အခြားအပွင့်များ၏ မျက်နှာပြင်ကို အသာအယာ ပွတ်ပေးခြင်းဖြင့် နေကြာတောင်သူများက ဝတ်မှုန်ကူးပေးကြရပါသည်။ ၎င်းလုပ်ငန်းဆောင်တာကို နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း လုပ်ဆောင်ပေးရပါသည်။

### စီးပွားဖြစ် နေကြာစိုက်ပျိုးနည်း

စားသုံးဆီမှာ ဆန်ပြီးလျှင် ဒုတိယအရေးပါသော အခြေခံစားကုန်ဖြစ်သည်။ သို့ဖြစ်၍ ဆီဖူလုံရေးသည် အရေးပါလျက်ရှိသည်။ ဆီဖူလုံရန် ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးရန် လိုပါသည်။ နေကြာသည် ဆီဖူလုံရေးအတွက် စိုက်ပျိုးသင့်သော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာသတင်းအချက်အလက်များအရ စီးပွားဖြစ် နေကြာစိုက်ပျိုးနည်းကို အောက်ပါအတိုင်း အကြံပြုထားသည်ကို တွေ့ရပါသည်။ နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ အပျက်အစီးနည်းခြင်း၊ အထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်း ကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သီးနှံဖြစ်ပါသည်။ နေကြာတစ်ဧက တင်း ၃၀ မှ ၅၀ အထိ အထွက်နှုန်း ရရှိရန် အောက်ပါနည်းပညာများကို ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါသည်။

**(၁) အမျိုးအစား**

အထွက်ကောင်းမျိုးများဖြစ်သည့် စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး-၁၊ နိုင်ငံတော်မျိုးစေ့ကော်မတီက အတည်ပြုထားသော နိုင်ငံခြားစပ်မျိုးများနှင့် OPV မျိုးဖြစ်သည့် ဆင်းရွှေကြာ-၂ မျိုးများ အသုံးပြုပါ။ အရည်အသွေးကောင်းမွန်၍ အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသော မျိုးများကို အသုံးပြုရပါမည်။

**(၂) စိုက်စနစ်**

(က) စိုက်ချိန်အနေဖြင့် မှန်ကန်စွာ စိုက်ပျိုးရန် လိုပါသည်။ (မိုးရာသီ – မေ၊ ဇွန် ၊ ဆောင်းရာသီ– စက်တင်ဘာ၊ အောက်တိုဘာ)၊ (ခ) မြေအမျိုးအစားအနေဖြင့် မြေသားနက်၍ မွပြီး မြေဆီအာဟာရ ထက်သန်သောမြေနှင့် နုန်းမြေတွင် စိုက်ပါ။ ရေစိမ့်အားကောင်းပြီး ရေမဝပ်သော မြေဖြစ်ရမည်။ မြေချဉ်ငံကိန်း (pH) ၆ ဒသမ သုည မှ ၇ ဒသမ ၅ ဖြစ်ရမည်။ (ဂ) အပင်ဦးရေအနေဖြင့် တန်းကြား နှစ်ပေနှင့် ပင်ကြားကိုးလက်မထား၍ တစ်ကျင်းသုံးစေ့မှ ငါးစေ့ စိုက်ပျိုးရန် (အပင်ဦးရေ ၂၉၀၀၀ ကျော်)၊ (ဃ) သားခွဲခြင်းအနေဖြင့် တစ်ကျင်းတစ်ပင်ချန်၍ ၁၅ ရက်သားအတွင်း အပြီးခွဲဖို့လိုပါသည်။ (င) ရေပေးသွင်းခြင်းအနေဖြင့် အပင်သက်တမ်းတစ်လျှောက် ရေလိုအပ်မှုမရှိစေရန်နှင့် ရေပေးသွင်းနိုင်ပါက အဖူး ၇၅ ရာခိုင်နှုန်းဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်းဝင်ချိန်တို့တွင် ရေပေးသွင်းရပါမည်။ ရေပေးသွင်းချိန်တွင် ရေမဝပ်စေရန် အရေးကြီးပါသည်။

**(၃) သွင်းအားစု**

(က) သဘာဝမြေဩဇာအဖြစ် မြေပြင်ချိန်တွင် နွားချေးဆွေး (သို့မဟုတ်) မြေဆွေးကို နွားလှည်း ငါးစီးမှ ၁၀ စီးအထိ ထည့်သွင်းပေးရပါမည်။ (ခ) ဓာတ်မြေဩဇာအဖြစ် မြေပြုပြင်ချိန် တစ်ဧကကို ယူရီးယား ၁၅ ပိဿာ၊ တီစူပါ ၁၅ ပိဿာနှင့် ပိုတက်ရှ် ၁၅ ပိဿာနှင့် အဖူးဝင်ချိန် ယူရီးယား တစ်ဧက ၁၅ ပိဿာနှင့် ပန်းစပွင့်ချိန် ယူရီးယား တစ်ဧက ၁၅ ပိဿာနှုန်း အသုံးပြုရပါမည်။

**(၄) အပင်ကာကွယ်ရေး**

(က) ပေါင်းမြက်များကို အပင်ပေါက်ပြီး ၄၀ ရက်သားအတွင်း နှိမ်နင်းပေးရပါမည်။ (ခ) ပိုးမွှားအန္တရာယ်အတွက် အပင်ငယ်စဉ်တွင် ဖြတ်ပိုး၊ ရွက်စားပိုး၊ ရွက်ဖောက်ကျိုင်းများ ကျရောက်တတ်သဖြင့် အချိန်မီကာကွယ်ရန် လိုအပ်ပါသည်။ အစေ့အဆန်တည်ချိန်တွင် သီးလုံးဖောက်ပိုးနှင့် ရွက်စုံစား ခူဝါများ ကျရောက်တတ်ပါသည်။ ထိသေပိုးသတ်ဆေးတစ်မျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ (ဂ) ရောဂါအနေဖြင့် နေကြာပင်ငယ်များတွင် မှိုရောဂါကျရောက်တတ်သဖြင့် မျိုးစေ့ကို မှိုသတ်ဆေးတစ်မျိုးမျိုးနှင့် လူးနယ်စိုက်ပျိုးရပါမည်။ နေကြာရွက်ခြောက်ရောဂါ ဆိုးရွားစွာကျရောက်ပါက ပွင့်ဖူးဝင်ချိန်မှစ၍ မှိုသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းဖို့လိုပါသည်။

**(၅) ရိတ်သိမ်းနည်းစနစ်**

နေကြာပွင့် နောက်ကျောဘက် အဝါရောင်သန်းလာချိန် ရိတ်သိမ်းရန်။ ရိတ်သိမ်းပြီး နေကြာပွင့်အား တစ်ပွင့်နှင့်တစ်ပွင့် မထပ်စေဘဲ နှစ်ရက်၊ သုံးရက် နေလှန်း အစေ့ခြွေရပါမည်။ အစေ့တွင်း အစိုဓာတ် (၅ – ၆) ရာခိုင်နှုန်းထိရရှိရန် နှစ်ရက်၊ သုံးရက် နေလှန်း၍ လေလုံအောင် သိုလှောင်ရပါမည်။

### နေကြာစေ့ ထုတ်လုပ်ပုံ

နေကြာပင်များသည် မျိုးစိတ်အများအပြားရှိကြပြီး အသုံးပြုမှုအရ လှော်စားသောနေကြာစေ့နှင့် ဆီကြိတ်သောနေကြာဟူ၍ ကွဲပြားပါသည်။ လှော်စားသောနေကြာမှာ အစေ့ခွံထူ၍ အစေ့အရွယ်ကြီးပါသည်။ ဆီကြိတ်သောနေကြာမှာ အခွံပါးပြီး အစေ့ခွံနှင့် အသားမှာ ကပ်နေပါသည်။ ပန်းပွင့်၏ နောက်ကျောဘက် အဝါရောင်ပြောင်းပြီး အညိုကွက်များဖြစ်ပေါ်နေလျှင် အစေ့များ ရင့်မှည့်လာပြီဖြစ်ပါသည်။ အပွင့်မကြီးလွန်း၊ မသေးလွန်း ပုံသဏ္ဌာန်မှန်ပြီး အစေ့အရောင်တူညီသော ပန်းပွင့်များကို ရွေးချယ်၍ သီးသန့်ရိတ်သိမ်းရပါသည်။ နေကြာပွင့်အုံများကို ဓားဖြင့်ဖြတ်ယူ၍ နေလှန်း၊ တုတ်ဖြင့် ရိုက်ခြွေကြရပါသည်။ နေကြာဆီ ထုတ်ယူရရှိရန်အတွက် အစေ့များကို ခြောက်သွေ့အောင်နေလှန်းပြီးနောက် ဆီကြိတ်ယူရပါသည်။

### နေကြာဆီနှင့်ကျန်းမာရေး

မြန်မာနိုင်ငံတွင် နေကြာစေ့ကို ကြက်သွန်ဖြူဖြင့် လှော်၍စားသုံးလေ့ရှိကြပြီး တချို့နိုင်ငံများတွင် နေကြာစေ့ဖြင့် pan ကိတ်နှင့် ချောကလက်တို့တွင် ဌာပနာထည့်၍ စားကြပါသည်။ နေကြာစေ့ဆီကြိတ်၍ ဟင်းချက်စားသုံးသောဓလေ့သည်လည်း ကျန်းမာရေးအတွက် လွန်စွာညီညွတ်မျှတစေပါသည်။

တစ်ခွက်စာပမာဏရှိသော နေကြာစေ့ကို ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ခွန်အား ၅၈၄ ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ် ၂၀ ဂရမ်၊ ပရိုတင်း ၂၀ ဒသမ ၇၈ ဂရမ်၊ အဆီဓာတ် ၅၁ ဒသမ ၄၇ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၈ ဒသမ ၆ ဂရမ်၊ ဖောလိပ် ၂၂၇ မိုက်ခရိုဂရမ်၊ နီအာစင်း ၈ ဒသမ ၃၃၅ မီလီဂရမ်၊ ပန်တိုသနစ်အက်စစ် ၁ ဒသမ ၁၃ မီလီဂရမ်၊ ပိုင်ရီဒေါက်ဆင်း ၁ ဒသမ ၃၄၅ မီလီဂရမ်၊ ရိဗိုဖလာဗင် သုည ဒသမ ၃၅၅ မီလီဂရမ်၊ သီအာမင် ၁ ဒသမ ၄၈ မီလီဂရမ်၊ ဗီတာမင်အေ ၅၀ အိုင်ယူ၊ ဗီတာမင်စီ ၁ ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်အီး ၃၅ ဒသမ ၁၇ မီလီဂရမ်၊ ဆိုဒီယမ် ကိုးမီလီဂရမ်၊ ပိုတက်စီယမ် ၆၄၅ မီလီဂရမ်၊ ကယ်လ်စီယမ် ၇၈ မီလီဂရမ်၊ ကော့ပါး ၁ ဒသမ ၈ မီလီဂရမ်၊ သံဓာတ် ၅ ဒသမ ၂၅ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၃၂၅ မီလီဂရမ်၊ မဂ္ဂနီးစ် ၁ ဒသမ ၉၅ မီလီဂရမ်၊ ဖော့စဖရက် ၆၆၀ မီလီဂရမ်၊ စီလီနီယမ် ၅၃ မိုက်ခရိုဂရမ်၊ ဇင့် ငါးမီလီဂရမ်၊ ဘီတာကယ်ရိုတင်း ၃၀ မိုက်ခရိုဂရမ်တို့ အသီးသီးပါရှိနေကြပြီး လူကိုဘေးဖြစ်စေတတ်သော ကိုလက်စထရော လုံးဝမပါရှိပေ။

နေကြာစေ့ဆီ စားပွဲတင်ဇွန်းတစ်ဇွန်း စားသုံးခြင်းဖြင့် ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နေကြာဆီထဲတွင်ပါရှိသော ဗီတာမင်အီးက ဦးရေပြားပေါ်ရှိ သွေးကြောများ လည်ပတ်စီးဆင်းမှုကို ကောင်းစွာ အထောက်အပံ့ဖြစ်စေပြီး ဆံပင်အရှည်မြန်စေနိုင်ပါသည်။
- နေကြာဆီသည် ဖောလစ်အက်စစ်ကြွယ်ဝသော ဆေးဖက်ဝင်ဆီအမျိုးအစားဖြစ်ပါသည်။ ဖောလစ်အက်စစ် (ခေါ်) ဗီတာမင်ဘီ-၉ က အာရုံကြောစနစ်နှင့် အစ်ရီနယ်ဂလင်းတို့အတွက် မရှိမဖြစ် အာဟာရဓာတ်ဖြစ်ပြီး ခန္ဓာကိုယ်ထဲတွင်

*စာမျက်နှာ ၇ သို့*

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပမည်

**နေပြည်တော် မတ် ၄**

၂၀၂၂ခုနှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေး)နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် ပြည်တွင်း၊ ပြည်ပမှ ရဟန်း ၂၈၄ ပါး၊ သီလရှင် ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၂၈ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ပြည်တွင်း/ ပြည်ပမှ ရဟန်း ၂၈၄ ပါး၊ သီလရှင် ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၂၈ ဦးတို့အနက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၁ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရဟန်းခြောက်ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် တစ်ဦးနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်နှစ်ဦး စုစုပေါင်း ၁၁၁ ပါး/ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကို ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်(၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက်) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြမည့် ရဟန်း ၁၀၇ ပါး၊ သီလရှင် သုံးပါးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် လည်းကောင်း နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဝံ့မဟာ ဗိမာန်တော်ကြီး၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခဲ့ကြသည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၁၁၁ ပါး/ဦးနှင့် ပင့်သံဃာဆရာတော်ကြီး နှစ်ပါးတို့ကို မတ်လ ၁၂ ရက် ထက်မစော ၁၃ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်ပေးကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပင့်လျှောက်ဖိတ်ကြားလွှာများ ပေးပို့ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခဲ့ကြသည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၁၁၁ ပါး/ ဦးနှင့် ပင့်သံဃာဆရာတော်ကြီး နှစ်ပါးတို့သည် ပင့်လျှောက် ဖိတ်ကြားစာများ အချိန်မီမရရှိပါကလည်း သတ်မှတ်ရက်များအတိုင်း နေပြည်တော်သို့ ကြွရောက်ပေးတော်မူကြပါရန် ပင့်လျှောက်ဖိတ်ကြားပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ၁၂၆၈၆၀ ပျိုးထောင်ထား

**မုံရွာ မတ် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် သစ်တောဦးစီးဌာနရုံး နန္ဒဝန်ပျိုးဥယျာဉ်(၁၊ ၂၊ ၃)တွင် ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၁၂၆၈၆၀ ဖြန့်ဝေစိုက်ပျိုးရန် ပျိုးထောင်ထားရှိကြောင်းနှင့် လာမည့် မေလ နောက်ဆုံးပတ်တွင် မြို့နယ်အတွင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

ရာသီဥတုကောင်းမွန်မျှတစေရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် လာမည့် မိုးဦးရာသီတွင် သစ်ပင်များစိုက်ပျိုးရန် မုံရွာမြို့နယ်သစ်တောဦးစီးဌာနရုံးရှိ နန္ဒဝန်ပျိုးဥယျာဉ်(၁၊ ၂၊ ၃)တို့တွင် တမာ၊ ယူကလစ်၊ စိန်ပန်းကြီး၊ မယ်ဇယ်၊ ငုစပ်၊ ခရေ၊ မန်ကျည်း၊ မဲဇလီ၊ မာတာကွတ်၊ ဆီသပြေနှင့် ကျွန်း စသည့် စုစုပေါင်းပျိုးပင် ၁၂၆၈၆၀ ပျိုးထောင်ဆောင်ရွက်ပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇင်ထွန်း က ပြောသည်။

အဆိုပါ ပျိုးထောင်ထားရှိသော ပျိုးပင် ၁၂၆၈၆၀ အနက်မှ လူထုဖြန့်အနေဖြင့် ပျိုးပင် ၆၈၇၈၀ ကို မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ မြေများ၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းဘေးဝဲယာများ၊ တစ်အုပ်တစ်မ စိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရေး အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မုံရွာမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် (၁/၂၀၂၂) ကျေးရွာထင်းစိုက်ခင်း ဧက ၂၀ အတွက် ယူကလစ်ပျိုးပင်နှင့် ရှားပျိုးပင် စုစုပေါင်း ၂၉၀၄၀ ကို မုံရွာမြို့နယ် ဗောဓိတစ်ထောင် အဆိုပြုသဘာဝကြိုးဝိုင်းအတွင်း၌ လည်းကောင်း၊ (၂/၂၀၂၂) ကျေးရွာထင်းစိုက်ခင်း ဧက ၂၀ အား ချောင်းဦးမြို့နယ် နွယ်ခွေကြိုးပြင်ကာကွယ်တောတွင် ယူကလစ်ပျိုးပင်နှင့် ရှားပျိုးပင် စုစုပေါင်း ၂၉၀၄၀ ကို လည်းကောင်း စုစုပေါင်းပျိုးပင် ၅၈၀၈၀ ကို တည်ထောင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။




**ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဆဲလ်အသစ်များဖြစ်ပေါ်စေရန် အထောက်အကူပြုပါသည်။

❒ ကိုယ်ဝန်ဆောင်မိခင်နှင့် သန္ဓေသားတို့အတွက် ဖောလစ်ဓာတ် မချို့တဲ့စေရန်နှင့် ကလေးအသေ (သို့မဟုတ်) ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်းတို့မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မိခင်လောင်းများက နေကြာဆီစားပေးသင့်ပါသည်။ နေကြာဆီသည် သန္ဓေသားလောင်းအတွက် DNA ထုတ်လုပ်ပေးနိုင်သဖြင့် သန္ဓေသား၏ မျက်နှာ၊ အသည်း၊ နောက်ဘက်ကျောရိုးမကြီးနှင့် ဦးနှောက်တို့ကို ဖွံ့ဖြိုးလာအောင် ကူညီထောက်ပံ့ပေးနိုင်ပါသည်။

❒ နေကြာဆီထဲတွင်ပါရှိသော lingams ဓာတ်က ကင်ဆာအဖုအကျိတ်များ ကြီးထွားလာမှုကို ကြန့်ကြာနှေးကွေးစေပါသည်။

❒ ဦးနှောက် မှတ်ဉာဏ်အားကောင်းစေရန်၊ အာရုံကြောများ အားကောင်းစေရန်၊ အနီရောင်ဆဲလ်များ ကောင်းစွာထုတ်လုပ်နိုင်ရန်နှင့် အရေပြားရောဂါ အမျိုးမျိုးတို့အတွက် ဗီတာမင်ဘီ-၆ က မရှိမဖြစ်ပါ။ နေကြာဆီထဲတွင် ဗီတာမင်ဘီ-၆ ကို လုံလောက်စွာ ရရှိနိုင်ပါသည်။ ဦးခေါင်းတစ်ခြမ်းကိုက်ခဲသူများအတွက်လည်း နေကြာဆီစားပေးသင့်ပါသည်။

❒ ကာဗိုဟိုက်ဒရိတ်ဆိုသည်မှာ လူသားတို့အတွက် မရှိမဖြစ်လိုအပ်နေသော အာဟာရများဖြစ်ကြသည့် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ ကျန်းမာသော အဆီဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အစုအဝေးဖြစ်ပါသည်။ နေကြာဆီမှ ၎င်းကာဗိုဟိုက်ဒရိတ်ကို ရရှိနိုင်ပါသည်။

❒ နေကြာဆီထဲတွင် သစ်ပင်မှရရှိနိုင်သော သဘာဝအဆီဓာတ် အပြည့်အဝပါရှိနေပြီး ၎င်းအဆီဓာတ်က ကျန်းမာရေးအတွက် လွန်စွာအရေးပါသော မပြည့်ဝဆီ (Unsaturated Fat) ဖြစ်ပါသည်။ ခန္ဓာကိုယ်ကို ဘေးဥပဒ် လုံးဝမဖြစ်စေသော HDL ကိုလက်စထရောများကို ပေးစွမ်းပြီး ခန္ဓာကိုယ်အတွက် ဘေးဖြစ်စေသော LDL ကိုလက်စထရော လျော့ကျစေပါသည်။

❒ ဦးရေပြားခြောက်သွေ့ ဖောက်ထခြင်းက ခန္ဓာကိုယ်ထဲတွင် ဇင့်(သွပ်)ဓာတ်ချို့တဲ့နေခြင်း လက္ခဏာဖြစ်ပါသည်။ ဇင့်ဓာတ်အားကောင်းစေမည့် နေကြာဆီကို စားပေးခြင်းဖြင့် အရေပြားကို စိုပြည်စေနိုင်ပါသည်။

❒ အယ်လ်ဇိုင်းမားဖြစ်ခြင်းမှ ကာကွယ်ရန်နှင့် ဦးနှောက်နှင့်ပတ်သက်သော ကင်ဆာရောဂါများမှ ကင်းဝေးစေရန်တို့အတွက် ဖောလစ်အက်စစ် (ခေါ်) ဗီတာမင်ဘီ-၉ ကြွယ်ဝသောနေကြာဆီကို စားပေးသင့်ပါသည်။

❒ ဗီတာမင်အီးကြွယ်ဝသည့် နေကြာစေ့နှင့် နေကြာဆီတို့သည် ခန္ဓာကိုယ်ထဲရှိ ဆဲလ်များကို ကျန်းမာကြံ့ခိုင်စေပါသည်။ အထူးသဖြင့် အစာအိမ်၊ အူမကြီး၊ အဆုတ်၊ အသည်း၊ သားအိမ်ခေါင်း စသည့် ကင်ဆာဝေဒနာရှင်များ အနေဖြင့် ၎င်းဗီတာမင်အီးကြွယ်ဝသည့် နေကြာစေ့လှော်နှင့် နေကြာဆီတို့ကို စားပေးသင့်ပါသည်။

❒ အနာကြီးရောဂါသည်များအတွက် ဗီတာမင်အီးကြွယ်ဝသော နေကြာဆီက ကောင်းမွန်သော ဓာတ်စာဖြစ်ပါသည်။

❒ နေကြာဆီတွင်ပါရှိသော ဗီတာမင်အီးဓာတ်က မျက်စိကို အားကောင်းစေပြီး ဗီတာမင်အေဓာတ်က မျက်စိအတွင်းတိမ်ရောဂါ မဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။

❒ ကြွက်သားများ ကြီးထွားရန်အတွက် ပရိုတင်းဓာတ် လိုအပ်ပါသည်။ နေကြာဆီစားပေးခြင်းဖြင့် ပရိုတင်းဓာတ်ရရှိစေနိုင်ပါသည်။

❒ သက်သတ်လွတ် စားသုံးသူများအတွက် အထူးသတိထားရန်မှာ အနီရောင် ခြေလေးချောင်းသားများ ရှောင်ခြင်းကြောင့် ပရိုတင်းအာဟာရချို့တဲ့လာနိုင်ပါသည်။ ပရိုတင်းဓာတ်ကြွယ်ဝသော နေကြာဆီကို စားပေးသင့်ပါသည်။

❒ နေကြာဆီထဲရှိ စီလီနီယမ်သတ္တုဓာတ်က စိတ်တိုစိတ်ဆတ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ စိတ်စောခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ အမျိုးမျိုးကို ဖြေလျှော့ပေးနိုင်ပါသည်။

❒ ဗီတာမင်အီးနှင့် ဗီတာမင်စီတို့ အရင်းအမြစ်စုဝေးရာ နေကြာဆီက ခန္ဓာကိုယ်အတွက် ဆိုးကျိုးပေးနိုင်သော ဖရီးရယ်ဒီကယ်များ၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးကာ နှလုံးသွေးကြောပိတ်ဆို့ခြင်းနှင့် နှလုံးရောဂါနှင့် ဆက်နွယ်နေသော လေဖြတ်ခြင်းတို့မှလည်း ကာကွယ်ပေးပါသည်။

❒ အစာမကြေရောဂါနှင့်ဝမ်းသွားခြင်းတို့အတွက် နေကြာဆီကို စားပွဲတင်ဇွန်းတစ်ဇွန်းခန့် သောက်ပေးပါ။

❒ နေကြာဆီထဲရှိ ဗီတာမင်အီး၊ စီလီနီယမ်နှင့် ကော့ပါးဓာတ်များက ခန္ဓာကိုယ်အတွက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ကောင်းကျိုးသက်ရောက်စေသဖြင့် ကင်ဆာဆဲလ်များ ကြီးထွားမှုကို ဟန့်တားကာကွယ်ပေးနိုင်ပါသည်။ အထူးသဖြင့် အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အရေပြားကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ကင်ဆာနှင့် ရင်သားကင်ဆာတို့အတွက် နေကြာဆီက ကောင်းကျိုးပြုပါသည်။

❒ မဂ္ဂနီစီယမ်ကြွယ်ဝသည့် နေကြာဆီကို စားပေးခြင်းဖြင့် အရိုးများကြံ့ခိုင်သန်မာစေပါသည်။

❒ နေကြာဆီထဲရှိ စွမ်းအားပြည့် ပိုတက်စီယမ်ဓာတ်က သွေးဖိအားကို လျော့ကျစေ၍ သွေးတိုးရောဂါရှိသူများ နေကြာဆီကို ဟင်းချက်စားသင့်ပါသည်။

❒ ပန်းနာရင်ကျပ်ရှိသူများ၊ အဆစ်အမျက်ရောင်ရမ်းနာရှိသူများ၊ အရိုးပွရောဂါရှိသူများအတွက် နေကြာဆီက ဓာတ်စာဖြစ်ပါသည်။

❒ ဆီးချို၊ သွေးချိုရောဂါသည်များ နေကြာဆီစားပေးပါ။

❒ နေကြာဆီစားသုံးပေးခြင်းဖြင့် အဆုတ်လမ်းကြောင်း ပိတ်ဆို့မှုရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။

❒ သီအာမင်နှင့် ဇင့်ဓာတ်တို့ပေါကြွယ်ဝသည့် နေကြာဆီကို ဟင်းချက်စားသုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအား တိုးတက်မြင့်မားလာစေနိုင်ပါသည်။

❒ အသားအရေ ဝင်းပလိုသူများ၊ ဝက်ခြံပေါက်သူများ၊ ခရမ်းလွန်ရောင်ခြည်ဒဏ်သင့်၍ အရေပြားပျက်စီးသူများ၊ အရွယ်တင် လှပလိုသူများ၊ အသားအရေမစိုမပြည်ခြောက်သွေ့သူများ၊ ဆံပင်ကျွတ်သူများက နေကြာစေ့လှော်စားပါ။ နေကြာဆီဖြင့် ဟင်းချက်စားပါ။ နေကြာဆီလိမ်းပေးနိုင်ပါသည်။

❒ အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းမှ ကင်းဝေးအောင်လည်း နေကြာဆီက ကြိုတင်ကာကွယ်ပေးနိုင်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့်တွေ့ဆုံ သတင်းမီဒီယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**ရန်ကုန်  မတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး) နှင့် ကောင်စီဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ သတင်းမီဒီယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

**သတင်းအတုအယောင်များ ထုတ်လွှင့်**

ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်၌ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် မှန်ကန်သည့် သတင်းအချက်အလက်များ ပြည်သူလူထုထံ စီးဆင်းပျံ့နှံ့ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် သတင်းမီဒီယာလုပ်ငန်းများ၏ ပုံသဏ္ဌာန်နှင့် ပြည်သူများ၏ သတင်းစားသုံးမှုပုံစံများ ပြောင်းလဲနေကြပါကြောင်း၊ အထူးသဖြင့် သမားရိုးကျမီဒီယာများထက် New Media ဟုခေါ်သည့် မီဒီယာပုံစံသစ်များကို အသုံးပြုလာကြပါကြောင်း၊ ထိုကဲ့သို့ မီဒီယာပလက်ဖောင်းများ ပြောင်းလဲတိုးတက်လာမှုကို အသုံးချ၍ တစ်ဖက်တွင်လည်း သတင်းမှား၊ သတင်းအတုအယောင်များကို ဖန်တီးထုတ်လွှင့်ကာ ပြည်သူလူထုအား အမြတ်ထုတ်ဆောင်ရွက်မှုများကို တွေ့မြင်နေရပါကြောင်း၊ အထူးသဖြင့် သတင်းမှား၊ သတင်းအတုအယောင်များ ထုတ်လွှင့်၍ လူငယ်များအား ဝါဒဖြန့်မှိုင်းတိုက်ကာ အဖျက်အမှောင့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေရန် ဆောင်ရွက်နေမှုများကို မြင်တွေ့နေရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါကြောင်း။

**မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ကျောင်းများတွင် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဟောပြောပွဲများ ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ လူငယ်များနှင့် ကျောင်းသားကျောင်းသူများအား သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှုရှိစေရန် ဆက်လက်ကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှုများကို နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများနှင့် ငါးကြိမ်ခန့် တွေ့ဆုံ၍ နိုင်ငံတကာက သိရှိစေရန် ပြောကြားခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် ပြည်သူများ စားဝတ်နေရေး ပြေလည်စေရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက်တင်မောင်ဦး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံနှင့် ကောင်စီဝင်များက လိုအပ်သည်များ ဆွေးနွေးတင်ပြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက် ၄၁၇ တိုက်အတွက် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ “သတင်းမီဒီယာပုံရိပ် မှတ်တမ်းစုံစာတမ်းများ” စာအုပ် ၄၁၇ အုပ်ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပခဲ့မှု မှတ်တမ်းဗီဒီယိုခွေများနှင့် စာအုပ်စာစောင်များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအား ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီး

**မန္တလေး မတ် ၄**

မန္တလေးပညာရေး ဒီဂရီကောလိပ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ်(၇/၂၀၂၀) သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ရှိ ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှန်ကို ထိုးထွင်းပိုင်နိုင်သိသည့်ပညာနှင့် မှတ်သားသည့်အတိုင်း သိသည့်သင်ညာတို့ပေါင်းစပ်ပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို တွေးတောဆင်ခြင်ကာ လုပ်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသကျောင်းများသို့ ရောက်ရှိစဉ် ကျောင်းသား ကျောင်းသူများကို စေတနာထား သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့ သင်ကြားတတ်မြောက်ထားသည့် ပညာ၊ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ ကျောင်းသား ကျောင်းသူများကို စဉ်းစားတွေးခေါ်တတ်ရန်၊ ပြဿနာဖြေရှင်းတတ်ရန်၊ အခက်အခဲများ ရင်ဆိုင်ကျော်လွှားတတ်ရန် သင်ရိုးညွှန်းတမ်း မူမပျက်ဘဲ ဟန်ချက်ညီညီ သင်ကြားပေးရန်လိုကြောင်း၊ အနာဂတ်ကို တည်ဆောက်နိုင်စွမ်း ရှိသောလူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါကြောင်း၊ မိမိကိုယ်တိုင်ကလည်း တိုးတက်ပြောင်းလဲနေသည့် ပညာရပ်များကို လေ့လာမှတ်သားကာ မိမိရည်မှန်းချက်ပန်းတိုင် ရောက်အောင် အမြဲကြိုးစားနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကြည်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်း ဆရာ ဆရာမများအတွက် ဂုဏ်ပြုငွေကျပ် ၅၆ သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ဆရာ ဆရာမများကို သင်တန်း ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်သည်။**(ဝဲပုံ)**

အလားတူ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း အမှတ်စဉ်(၇/၂၀၂၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကောလိပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး တက်ရောက် ဂုဏ်ပြုစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများကို သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိ

**နေပြည်တော် မတ် ၄**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၉၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၀၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၀၅ မိုင်၊ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅၀ ခန့်နှင့် ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် ဖားဆောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းဘူးမြို့နှင့် အောင်လံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၄

**ပြည်တွင်း၌ စားသုံးဆီ ဖူလုံမှုရှိစေရေး၊ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



**ပြည်ပမှ စားသုံးဆီတင်သွင်းခြင်း လျှော့ချနိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်တွင်းစားသုံးဆီသုံးစွဲမှုနှုန်း များပြားနေသည့်အတွက် နှစ်စဉ်ပြည်ပမှ စားသုံးဆီအများအပြား တင်သွင်းနေရပြီး ကျန်းမာရေးရှုထောင့်အရ ပြည်သူများ ဆီစားသုံးမှုလျှော့ချစေရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရေး၊ ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆီထွက်သီးနှံကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စားသုံးဆီတင်သွင်းခြင်းမှ နိုင်ငံခြားငွေအသုံးပြုမှု လျော့နည်းသက်သာစေရေးတို့အတွက် ရည်ရွယ်ပြီး ယခုဘဏ္ဍာနှစ် Mini Budget မှ စတင်၍ ပြည်ပမှ စားသုံးဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရေးအတွက် အကန့်အသတ်ဖြင့် တင်သွင်းခြင်းကိုဆောင်ရွက်ခဲ့ပါကြောင်း။

ကမ္ဘာ့စားအုန်းဆီဈေးကွက်တွင် ယခင်ဘဏ္ဍာနှစ်များက ဈေးနှုန်းတည်ငြိမ်ခဲ့သော်လည်း ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်ပေါ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ကမ္ဘာ့စားအုန်းဆီဈေးနှုန်း မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် “စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ” ကို ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးကွက်အတွင်း မသမာမှုဆောင်ရွက်နေခြင်းများကို အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပြည်တွင်း ဈေးကွက်လိုအပ်ချက် ဖြည့်ဆည်း**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကမ္ဘာ့စားသုံးဆီဈေးကွက်တွင် ဝယ်လိုအားနှင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မတ်လအတွင်း စားအုန်းဆီသင်္ဘောများဝင်ရောက်မည့် အခြေအနေများ၊ ပြည်ပဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်အညီ ပြည်တွင်းဈေးနှုန်းကို ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြစ်ပေါ်စေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နေမှု၊ ပြည်တွင်း၌ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ပန်းခင်းစီမံချက်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ (MICC-2) ၌ ကျင်းပသည်။




အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မဲပေးနိုင်ရေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော် စီမံချက်တစ်ခုဖြစ်သည့် ပန်းခင်းစီမံချက်ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း စီမံချက် လျာထားချက်အဖြစ် ၆၂၃၉၁ ဦးကို နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံချက်လျာထားချက် ရာနှုန်းပြည့်ထက် ကျော်လွန်ပြီး မြောက် အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလတွင် မဲမသမာမှု အရေအတွက် ၁၁ ဒသမ ၃ သန်းကျော် ရှိခဲ့ရာတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိဘဲ မဲပေးခဲ့သူ ၄ ဒသမ ၆ သန်းကျော် ရှိနေသည့်အတွက် လာမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင် မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက် မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ (၁၈) လကြာ ဆောင်ရွက်ရန်နှင့် ယင်းကာလအတွင်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ပေးရမည့် လျာထားအရေအတွက်များအတိုင်း ပြည့်မီပြီးစီးရန် သတ်မှတ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**လျာထားချက် ရာနှုန်းပြည့်ပြီးစီး**

ပန်းခင်းစီမံချက်ကို ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး ယခု ပြည်ထောင်စုနယ်မြေ (နေပြည်တော်) သည်လည်း တတိယမြောက် တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးစီးအောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်မှုဆိုင်ရာ အသိအမှတ်ပြု အထောက်အထားတစ်ခုဖြစ်ပြီး လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ် အရေးပါသည့် ကတ်ပြားတစ်ခုဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ စီမံချက်အရ လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်သော်လည်း နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် ပြီးဆုံးသည့်လုပ်ငန်းမဟုတ်ဘဲ အသက်ပြည့်သည့် နိုင်ငံသားများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရမည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များအပြင် မိမိတို့ဌာနမှ ဆောင်ရွက်နေသည့် e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းများတွင်လည်း အားလုံးဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးစီး အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်စကား ပြောကြားသည်။

**တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက် တိုင်းလုံးကျွတ် လျာထားချက် ပြည့်မီပြီးစီး အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပန်းခင်းစီမံချက် ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုနယ်မြေမှ ဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း တိုင်းလုံးကျွတ် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို အထိမ်းအမှတ် တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပန်းခင်းစီမံချက်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အထောက်အထား စာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စု နယ်မြေ (နေပြည်တော်အတွင်း) ခရိုင်နှစ်ခု၊ မြို့နယ် ရှစ်မြို့နယ်၊ ရပ်ကွက် ၅၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈၇ အုပ်စု၊ ကျေးရွာပေါင်း ၇၉၆ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၆၂၃၉၁ ကတ် ထုတ်ပေး၍ လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၆၇၁၆၇ ကတ် ထုတ်ပေးပြီးစီးနေပြီဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၀၇ ဒသမ ၆၅) ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သဖြင့် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နိုင်ငံရေးပါတီများအား စစ်ဆေးရန် အကြောင်းကြားထား

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဖွဲ့စည်းပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ ကချင်ပြည်နယ်အခြေစိုက်ပါတီ ငါးပါတီ၊ ကရင်ပြည်နယ်အခြေစိုက်ပါတီ နှစ်ပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီး အခြေစိုက်ပါတီ နှစ်ပါတီ၊ တနင်္သာရီတိုင်းဒေသကြီး အခြေစိုက်ပါတီ တစ်ပါတီ၊ ပဲခူးတိုင်းဒေသကြီး အခြေစိုက်ပါတီ သုံးပါတီ၊ မန္တလေးတိုင်းဒေသကြီး အခြေစိုက်ပါတီ နှစ်ပါတီ၊ မွန်ပြည်နယ်အခြေစိုက် ပါတီ သုံးပါတီ၊ ရခိုင်ပြည်နယ်အခြေစိုက်ပါတီ ခုနစ်ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် ပါတီ ၃၆ ပါတီ၊ ရှမ်းပြည်နယ်အခြေစိုက် ပါတီ ၁၅ ပါတီ၊ ဧရာဝတီတိုင်းဒေသကြီး အခြေစိုက်ပါတီ တစ်ပါတီနှင့် ပြည်ထောင်စုနယ်မြေအခြေစိုက်ပါတီ လေးပါတီ စုစုပေါင်း နိုင်ငံရေးပါတီ ၈၁ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် မတ် ၇ ရက်မှ ၁၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် ပါတီများဖြစ်သော မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ကရင်အမျိုးသားပါတီတို့ကို လည်းကောင်း၊ မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ရခိုင်ပြည်နယ်အခြေစိုက် ပါတီဖြစ်သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ချင်းပြည်နယ်အခြေစိုက် ပါတီဖြစ်သော ခူမီး(ခမီး) အမျိုးသားပါတီတို့ကို ရခိုင်ပြည်နယ်တွင် လည်းကောင်း၊ ချင်းပြည်နယ်အခြေစိုက်ပါတီဖြစ်သော တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေစိုက်ပါတီဖြစ်သော ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကို ချင်းပြည်နယ်တွင်လည်းကောင်း စစ်ဆေးခံနိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၄**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဝိပဿနာကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဘုရားကြီးကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ လယ်ဝန်ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ သာသနာ့အလင်းရောင်ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၄**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ ရွာမပရိယတ္တိစာသင်တိုက်**(အောက်ပုံ)**၊ လှည်းကူးမြို့နယ် ဖရုံစုကျေးရွာရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ သန်လျင်မြို့နယ် ဥယျာဉ်ကျေးရွာရှိပန်းဥယျာဉ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့ သီရိမင်္ဂလာကျောင်းကြီးစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ စေတဝန်ပရိယတ္တိ တပ်ဦးဘုန်းတော်ကြီးကျောင်းတိုက်၊ ကျောက်ဖြူမြို့ မင်းကျောင်းဘုန်းတော်ကြီးကျောင်းတိုက်၊ ဘူးသီးတောင်မြို့ ဒုံးသိမ်ဘုန်းတော်ကြီးကျောင်းတိုက်၊ ရတနာအောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ မနောသုခအေးရိပ်သာသီလရှင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ် ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများသို့ ထောက်ပံ့လှူဒါန်း

**နေပြည်တော် မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် အဖွဲ့ဝင်များသည် မတ် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီစက်မှုလက်မှုအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကန့်သတ်စောင့်ကြည့် ကုသရေးစင်တာရှိ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်စန္ဒာအေးနှင့် မြောက်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကပ်ကျော်တို့ထံ အင်အားဖြည့် ဖြည့်စွက်အစားအစာများနှင့် ဆေးရုံသုံး တစ်ခါထိုး ဆေးထိုးအပ် အချောင်း ၁၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

သတင်းစဉ်



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မုံရွာပညာရေးဒီဂရီကောလိပ် မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ်(၇/၂၀၂၀)သင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်း မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၇/၂၀၂၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် မုံရွာပညာရေးဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများမှာ ဆရာ၊ ကျောင်းသား အချိုးကောင်းမွန်တိုးတက်ရေးနှင့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝစေရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် အရည်အသွေး ပြည့်ဝသည့် ဆရာတစ်ဦးဖြစ်ရန်အတွက် ဆရာအတတ်ပညာဆိုင်ရာ အသိပညာ၊ အတတ်ပညာများရရှိရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်စေရန် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သင်ရိုးသစ်များကို ထိရောက်စွာ အကောင်အထည်ဖော် သင်ကြားလေ့ကျင့်ပေးနိုင်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ယင်းနောက် မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၇/၂၀၂၀) သင်တန်းဆင်းလက်မှတ်များအား သင်တန်းသား သင်တန်းသူများထံ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ မုံရွာပညာရေးဒီဂရီကောလိပ် မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၇/၂၀၂၀) သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်မှ သင်တန်းသား စုစုပေါင်း ၁၅၉ ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အလားတူ သင်တန်းဆင်းပွဲများကို စစ်ကိုင်းပညာရေးဒီဂရီကောလိပ်နှင့် ကသာပညာရေးဒီဂရီကောလိပ်တို့တွင် သင်တန်းသား စုစုပေါင်း ၇၉ ဦးတို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် သင်တန်းသား သင်တန်းသူ ၂၃၈ ဦး သင်တန်းဆင်းခဲ့ပြီး ၎င်းတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၇၁၄၀၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မတ် ၃ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ခန္တီးခရိုင်ဘောလုံးအသင်းနှင့် ကသာခရိုင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ခန္တီးခရိုင်အသင်းမှ ကသာခရိုင်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဆုရရှိခဲ့သည့် အသင်းများနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်

**ဘားအံ မတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) ၏ စတုတ္ထအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုအပ်နှင်းပွဲ အခမ်းအနားကို မတ် ၄ ရက် ယနေ့နံနက်ပိုင်းက ဘားအံမြို့ နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဒီပလိုမာ အပ်နှင်းပွဲတွင် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်) ကျောင်းအုပ်ဆရာမကြီးနှင့်တကွ စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များက သက်ဆိုင်ရာ ဝတ်စုံများကို ဝတ်ဆင်လျက် စင်မြင့်ထက်သို့ ကြွရောက်နေရာယူကြပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်) ကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးရာ ယနေ့အထိ ဒီပလိုမာလက်မှတ်ရ ကျောင်းသား ကျောင်းသူ ၂၄၂ ဦးကို နိုင်ငံတော်၏ စိုက်ပျိုးရေးနယ်ပယ်တွင် အင်အားသစ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒီပလိုမာနှင့် ရောင့်ရဲမနေဘဲ B.Ag , M.Ag နှင့် ပါရဂူဘွဲ့များအထိ ကြိုးစားကြစေလိုကြောင်း၊ သင်ယူတတ်မြောက်ထားသည့် စိုက်ပျိုးရေးပညာဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမြဲတီထွင်ကြံဆလုပ်ကိုင်ကြရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ ဘဝကိုမြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ (ဖွဲ့ကပင်)၏ ကျောင်းအုပ်ဆရာမကြီးက စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ် ရယူကြမည့် ကျောင်းသား ကျောင်းသူ ၃၂ ဦးအား စိုက်ပျိုးရေးပညာရှင်(စိုက်ပျိုးရေးဒီပလိုမာ) အောင်လက်မှတ်များကို အပ်နှင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်၌ ၂၀၂၁-၂၀၂၂ ခြောက်လ ဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော အရှည် ပေ ၁၉၇၀ ရှိ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဘားအံပညာရေးဒီဂရီကောလိပ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာ သင်တန်း PPTT (၇/၂၀၂၀) သင်တန်းဆင်းလက်မှတ်အပ်နှင်းပွဲကို အဆိုပါဒီဂရီကောလိပ် သီရိခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တတ်သော၊ သိက္ခာရှိပြီး ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် ရပ်ရွာဒေသနှင့် နိုင်ငံတော်မှ အားကိုးအားထားပြုရသော ဆရာကောင်း ဆရာမွန်များဖြစ်အောင် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ သံတောင်၊ ဖာပွန်မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၀၃ ဦးတို့၏ မြို့နယ်အလိုက်ကိုယ်စားလှယ်များထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းမြို့နယ် တလိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ KG တန်း စာသင်ခန်းအတွင်း အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တလိုင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂ ရက် ည ၁၀ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျောင်းဝင်းအတွင်း ရဲမာန်အောင်(၁)ကျောင်းဆောင်ရှိ KG တန်း စာသင်ခန်းအတွင်း၌ မိုင်းတစ်လုံးပေါက်ကွဲကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိခဲ့သဖြင့် အန္တရာယ်ကင်းဝေးစေရေးအတွက် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။ လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် KG စာသင်ခန်းအတွင်းရှိ မျက်နှာကျက် ၁၀ ချပ်ခန့် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စစ်ကိုင်းမြို့နယ် တလိုင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရဲမာန်အောင်(၁) ကျောင်းဆောင်ရှိ KG တန်းစာသင်ခန်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ပျက်စီးမှုများ။

# ယူရေနီယံသန့်စင်မှု အီရန်တိုးမြှင့်လုပ်ဆောင်

တီဟီရန် မတ် ၄

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်မှု ဆက်လက်တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က ပြောသည်။

၂၀၁၅ နျူကလီးယား သဘောတူညီမှုတွင် ခွင့်ပြုပေးထားသည်ထက် ကျော်လွန်၍ ယူရေနီယံသန့်စင်မှုကို ပြုလုပ်နေကြောင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ပြောသည်။ အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက မတ်လ ၃ ရက်တွင် အစီရင်ခံစာဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်မှုကို ၆၀ ရာခိုင်နှုန်းအထိ ပြုလုပ်ထားကြောင်း သိရသည်။ နျူကလီးယားသဘောတူညီမှုတွင် ယူရေနီယံသန့်စင်မှုကို ၃ ဒသမ ၆၇ ထိ ကန့်သတ်ထားသည်။ ယင်းကန့်သတ်မှုထက်ကျော်လွန်၍ သန့်စင်မှုကို ပြုလုပ်နေသည်။ ၂၀၁၈ ခုနှစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် အီရန်နျူကလီးယားသဘောတူညီမှုမှ အမေရိကန်ကနုတ်ထွက်ခဲ့သည်။

ယင်းနောက် အီရန်အား ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ အီရန်နိုင်ငံဘက်ကလည်း နျူကလီးယားလှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် ပြန်လည်လက်တုံ့ပြန်ခဲ့သည်။

ဥရောပသမဂ္ဂ၊ ပြင်သစ်နှင့် အခြားသောနိုင်ငံများသည် အီရန်နှင့်အမေရိကန်တို့အကြား ကြားဝင်ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးမှုများ၏ အဓိကအချက်မှာ အီရန်နိုင်ငံ၏ နျူကလီးယားလှုပ်ရှားမှုကို ကန့်သတ်ရန်နှင့် အမေရိကန်၏ပိတ်ဆို့ထားမှုများကို ဖယ်ရှားရန်ပင်ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းမှုများနှင့် နီးစပ်သည့် အရာရှိတစ်ဦး၏ ပြောကြားချက်အရ ဆွေးနွေးညှိနှိုင်းမှုတွင် သဘောတူညီချက်ရရှိရန်မှာ နီးစပ်လာပြီဟု ပြောသည်။

အင်န်အိတ်ချ်ကေ



အီရန်နိုင်ငံအလယ်ပိုင်း နက်တန်ဇ် ယူရေနီယံသန့်စင်မှုစက်ရုံကို တွေ့ရစဉ်။

# ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် ဒုတိယသမ္မတသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည်

ပါရီ မတ် ၄

ဧပြီလအတွင်းကျင်းပမည့်ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်က ဒုတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၃ ရက်နေ့ထုတ် သတင်းစာများတွင် ပြင်သစ်သမ္မတ မက်ခရွန်၏ ဒုတိယသမ္မတသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည့်အကြောင်းကို ဖော်ပြကြသည်။ ကမ္ဘာကြီး၏ ပုံစံမကျမှုမှာ ခြိမ်းခြောက်မှုများဖြစ်နေပြီး ကျွန်ုပ်တို့၏ တန်ဖိုးများကို ကာကွယ်နိုင်ရေးအတွက် ဆက်လက် ယှဉ်ပြိုင်သွားမည်ဟု မက်ခရွန်က ပြောသည်။


ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

မက်ခရွန်သည် ပြီးခဲ့သည့်ငါးနှစ်က ပြုလုပ်ခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အသက် ၃၉ နှစ်ဖြင့် သမ္မတဖြစ်ခဲ့သည်။ ပြင်သစ်နိုင်ငံသမိုင်းတွင် အသက်အငယ်ဆုံး သမ္မတဖြစ်ခဲ့သည်။ ယူကရိန်းအရေးအခင်းအတွက် ညှိနှိုင်းသူအဖြစ်လည်း ၎င်းက ဆောင်ရွက်နေသည်။ ပြင်သစ်သမ္မတ မက်ခရွန်သည် ဒီဇင်ဘာလမှစတင်ကာ ရုရှားသမ္မတ ဗလာဒီမာ ပူတင်နှင့် ၁၃ ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့သည်။ ပြည်သူတို့၏ သဘောဆန္ဒကို ကောက်ခံမှုတွင် သမ္မတမက်ခရွန်က ရှေ့တန်းမှပြေးလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# တရုတ်နိုင်ငံတွင် သဲမုန်တိုင်းတိုက်ခတ်မှု အပြာရောင်အဆင့်သတိပေးချက် ထုတ်ပြန်ထား

ပေကျင်း မတ် ၄

တရုတ်နိုင်ငံ၏ အမျိုးသားလေ့လာစောင့်ကြည့်ရေးအဖွဲ့က မတ် ၄ ရက်တွင် နိုင်ငံမြောက်ပိုင်း၌ သဲမုန်တိုင်းနှင့် ပတ်သက်၍ အပြာရောင်အဆင့် သတိပေးချက် ပြန်လည်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သဲမုန်တိုင်းများသည် အတွင်းမွန်ဂိုလီးယား၊ ရှန်းစီး၊ ဟူပေ၊ ပေကျင်း၊ ရှင်းတောင်၊ ဟီနန်ဒေသတို့၌ မတ် ၄ ရက်တွင် တိုက်ခတ်မည်ဟု အမျိုးသားမိုးလေဝသစင်တာက ပြောသည်။

သဲမုန်တိုင်းနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုများပြုလုပ်ရန်အတွက် မိုးလေဝသစင်တာကသတိပေးမှုများ ပြုလုပ်ထားသည်။ ယာဉ်မောင်းသမားများအတွက်လည်း အမြင်အာရုံ ဝေဝါးနိုင်မှုအတွက် သတိပေးထားသည်။ တရုတ်နိုင်ငံတွင် သဲမုန်တိုင်းသတိပေးမှုနှင့်ပတ်သက်၍ အရောင်လေးရောင်ခွဲခြားသတ်မှတ်ထားသည်။

လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်မှာ သတိပေးအဆင့်ဖြစ်ပြီး အနီရောင်အဆင့်မှာ သတိပေးမှုအဆင့် အမြင့်ဆုံးဖြစ်သည်။

ဆင်ဟွာ

# ပြင်သစ်နိုင်ငံတွင် ကာကွယ်ဆေးထိုးပြီးသားသူများ အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် ကန့်သတ်ချက်ကို ဖြေလျှော့ပေးတော့မည်

ပါရီ မတ် ၄

ပြင်သစ်အစိုးရသည် မတ် ၁၄ ရက်မှစတင်ကာ ကာကွယ်ဆေးထိုးပြီးသူများကို အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရမည့်အမိန့်ကို ဖြေလျှော့ပေးသွားမည်ဟု ပြင်သစ်ဝန်ကြီးချုပ် ယန်းကက်စ်တက်စ်က မတ် ၃ရက်တွင် ကြေညာခဲ့သည်။

အခြေအနေများမှာ တိုးတက်လာသည်ဟုလည်း ၎င်းက ပြောသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မဖြစ်မနေလိုအပ်တော့မည် မဟုတ်ချေ။ သို့သော်လည်း ဆေးရုံများနှင့် သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်ဦးမည်ဖြစ်သည်။

ဆေးရုံဝန်ထမ်းများအတွက်မူ ကာကွယ်ဆေးမဖြစ်မနေထိုးရန် လိုအပ်သည်။ ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၇၆၉၇ ဦး တွေ့ရှိပြီး ယခင်လများနှင့် နှိုင်းယှဉ်လျှင် ကူးစက်မှုအရေအတွက် လျော့ကျလာကြောင်း ပြင်သစ်နိုင်ငံ၏ပြည်သူ့ကျန်းမာရေးအေဂျင်စီက ပြောသည်။

ဆင်ဟွာ


ပါရီမြို့ ရုပ်ရှင်ရုံအပြင်ဘက်၌ နှာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၆၃၉၆ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မတ် ၄

အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၆၃၉၆ ဦး ထပ်မံ တွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူ ၄၂၉၅၁၅၅၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ သေဆုံးသူအရေအတွက်မှာလည်း မတ် ၃ ရက်တွင် ၂၀၁ ဦး ရှိခဲ့သည့်အတွက် ကိုဗစ် - ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၅၁၄၅၈၉ ဦးအထိ ရှိလာသည်။

နိုင်ငံအတွင်း ကိုဗစ် - ၁၉ ကူးစက်မှုလျော့ကျလာသည်မှာ ၃၉ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။ ရောဂါပျောက်ကင်းပြီးနောက် ဆေးရုံမှ ဆင်းလာသူ အရေအတွက်မှာ ၄၂၃၆၇၀၇၀ ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ မတ် ၁၄ ရက်မှစကာ ကိုဗစ်-၁၉ နယ်စပ်ထိန်းချုပ်မှုများကို ထပ်မံဖြေလျှော့ပေးတော့မည်

**တိုကျို မတ် ၄**

ဂျပန်နိုင်ငံသည် နေ့စဉ် နိုင်ငံတကာမှ ဝင်ရောက်သူ လက်ရှိ ၅၀၀၀ မှ ၇၀၀၀ ထိ တိုးလာ သောကြောင့် မတ် ၁၄ ရက်မှစကာ ကိုဗစ်-၁၉ နယ်စပ်ထိန်းချုပ်မှုများကို ထပ်မံဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက မတ် ၃ ရက်က ပြောကြားလိုက်သည်။

စီးပွားရေးကိစ္စ ခရီးသွားလာခြင်းမများသေးခြင်းကြောင့် နိုင်ငံခြားကျောင်းသားများကို ဝင်ခွင့်ပြုရေးသည် ဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ကီရှီးဒါးက ပြောကြားလိုက်သည်။

ဂျပန်သို့ ကျောင်းသားများလာရောက်ရာတွင် ကူညီသွားမည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းသားများသည် နိုင်ငံ့ရတနာများဖြစ်ကြောင်း ကီရှီးဒါးက ပြောကြားလိုက်သည်။

နိုင်ငံခြားသားကျောင်းသားများသည် ဧပြီ ကျောင်းဖွင့်ရာသီမတိုင်မီ ဂျပန်နိုင်ငံကို ဝင်နိုင်ပါ့မလားဆိုပြီး စိုးရိမ်မှုများ မြင့်တက်လက်ရှိကြောင်း ၎င်းက ပြောသည်။

လွန်ခဲ့သောနှစ် နှစ်က ချမှတ်ခဲ့သော ကိုဗစ်-၁၉ ခရီးသွားလာရေးကန့်သတ်ချက်ကြောင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်ရန် ကျောင်းသားပေါင်း ၁၅၀၀၀၀ ခန့် စောင့်ဆိုင်းလျက်ရှိသည်။

ဆင်ဟွာ

တိုကျိုရှိ လမ်းများပေါ်တွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။



# မြို့တော် ဟနွိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေရာအဖြစ် ဆက်လက်တည်ရှိ

**ဟနွိုင်း မတ် ၄**

ဗီယက်နမ်နိုင်ငံတွင် မတ် ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၅၈၇ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ယခင်ကူးစက်ဖြစ်ပွားခဲ့သည့်ပမာဏ ၆၇၉၇ ဦးထက် သိသာစွာ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားသူ ၆၃ ခု ရှိပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၁၉ ဦးရှိကာ ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၂၅၆၈ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၅၉၂၆၂ ဦးအထိရှိလာပြီး ၄၀၆၄၄ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ဗီယက်နမ်၏မြို့တော် ဟနွိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေရာအဖြစ် ကျန်ရှိနေပြီး မတ် ၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၁၃၉၅ ဦး အထိရှိသည်။ ထို့နောက် ငှါအနက် ပြည်နယ်တွင် ၆၆၅၇ ဦးနှင့် ဘက်နင်ပြည်နယ် မြောက်ပိုင်းတွင် ၆၀၁၁ ဦးတို့ ဖြစ်ကြသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း အသက် (၁၈) နှစ်အထက် ကာကွယ်ဆေးထိုးပြီးသူများအပါအဝင် စုစုပေါင်း ကာကွယ်ဆေးထိုးပြီးသူ ၁၉၆ ဒသမ ၃ သန်း ရှိသည်။

ဆင်ဟွာ



ဗီယက်နမ်ရဲအရာရှိများက ခရီးသွားလာခွင့်လက်မှတ်များကို စစ်ဆေးနေစဉ်။

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း ၂၆၃၄၇ ဦးတိုးလာ

**ဂျကာတာ မတ် ၄**

အင်ဒိုနီးရှားနိုင်ငံ၌ မတ် ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း ၂၆၃၄၇ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၆၉၃၇၀၂ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၃၂၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၉၅၉၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၄၀၄၆၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၅၀၂၆၈၅၃ ဦး အထိရှိလာသည်။

သက်ဆိုင်ရာ အာဏာပိုင်များက တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ဇန်နဝါရီ ၁၃ ရက်က စတင်ခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၁၄၆ ဒသမ ၅၅ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၉၁ ဒသမ ၆၃ သန်းရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် လုပ်ဆောင်နေစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၀၀၀ အောက်လျော့နည်းကျဆင်းခဲ့သည်မှာ တတိယနေ့ရောက်ရှိ

**မနီလာ မတ် ၄**

ဖိလစ်ပိုင်နိုင်ငံ၌ မတ် ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၅၃ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၆၆၅၇၄၇ ဦးအထိရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၃၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၆၇၇၀ အထိရှိလာခဲ့သည်။

စက်တင်ဘာလက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်ခဲ့သည့် ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်းလာခဲ့သည်။ ထို့အတူ မြို့တော်မနီလာ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ဇူလိုင်လက မှတ်တမ်းတင်ဖော်ပြခဲ့သော ၂၅ ရာခိုင်နှုန်းအောက် ကျဆင်းခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇန်နဝါရီ ၁၅ ရက်က ၃၉၀၀၄ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၀၀၀ အောက် လျော့နည်းကျဆင်းခဲ့သည်မှာ တတိယနေ့ ရောက်ရှိလာပြီဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၆ သန်း ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။ ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၃၉ ရက်မြောက်ရှိလာပြီ

**နယူးဒေလီ မတ် ၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၃၉၆ ဦးရှိလာသောကြောင့် မတ် ၄ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၉၅၁၅၅၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၁၄၅၈၉ ဦးအထိရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၆၉၈၉၇ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၂၅၅ ဦးအထိ လျော့နည်းလာခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းခဲ့သည်မှာ ၃၉ ရက်မြောက် ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၄၂၃၆၇၀၇၀ ရှိလာပြီဖြစ်သည်။ အဆိုပါ ပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှဆင်းလာသူ ၁၃၄၅၀ ရှိသည်။

ဆင်ဟွာ

# အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်နေတဲ့ အိန္ဒိယ

လင်းဟန်သစ်

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်က အသက် ၂၅ နှစ်အရွယ် အတူမီရှာရာဟာ နောက်ထပ် သင်တန်းတက်ရင်း အလုပ်ရဖို့ မျှော်လင့်ချက်လေးနဲ့ မြို့တော်ဒေလီမှာနေနေတာ လေးနှစ်တောင် ကြာခဲ့ပြီဖြစ်ပါတယ်။ မီရှာရာဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သန်းချီသော အလုပ်လက်မဲ့ လူငယ်များထဲက တစ်ယောက်ဖြစ်ပါတယ်။ မီရှာရာဟာ မိသားစုရဲ့ကံကြမ္မာကို ပြောင်းလဲနိုင်ဖို့ အလုပ်တစ်ခုရဖို့အတွက် ကြိုးစားနေတဲ့ လူငယ်တစ်ယောက်လည်း ဖြစ်ပါတယ်။




အလုပ်အကိုင်ရရှိရေးအတွက် ဆန္ဒပြနေသည့် လူအုပ်ကြီးကို တွေ့ရစဉ်။

“ဒီလောက်ယှဉ်ပြိုင်မှုပြင်းထန်ပြီး အလုပ်လက်မဲ့တွေများတဲ့ အခုလိုအခြေအနေမှာ တစ်ခါတစ်ရံ ဆန့်ကျင်ဘက် အတွေးအခေါ်တွေနဲ့ အပျက်စိတ်တွေဟာ မိမိရဲ့စိတ်ကို လွှမ်းမိုးလာတယ်။ အလုပ်မရရင် ဘာတွေဆက်ဖြစ်မလဲ ဆိုပြီးတော့။ သို့သော်လည်း အဲဒီအပျက်စိတ်ထဲက ရုန်းထွက်ပြီး အကြောက်တရားတွေကို ကျော်လွှားနိုင်အောင် ကြိုးစားလိုက်တယ်”

## စာမေးပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိ

လယ်သမားတစ်ယောက်ရဲ့ သားဖြစ်တဲ့ မီရှာရာဟာ မြို့တော်ဒေလီရဲ့ ရိုဟီနီဒေသမှာ အခန်းတစ်ခန်း ငှားရမ်းနေထိုင်ပြီး အစိုးရအလုပ်တစ်ခုရဖို့အရေး ယှဉ်ပြိုင်မှုပြင်းထန်တဲ့ အစိုးရဝင်ခွင့် စာမေးပွဲအောင်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။

“ကျွန်တော် ကြိုးစားလျက်ရှိသလို အချိန်တွေကလည်း အကုန်မြန်နေပါတယ်။ လွန်ခဲ့တဲ့နှစ် နှစ်က ကိုဗစ်-၁၉ ကြောင့် အခြေအနေတွေ ဆိုးရွားလျက်ရှိပါတယ်။ အခုတော့ ဘာတွေ ဆက်ဖြစ်မလဲဆိုတာကို စောင့်ကြည့်ရဦးမယ်” လို့ မီရှာရာက ပြောကြားလိုက်ပါတယ်။

မီရှာရာဟာ အစိုးရစာမေးပွဲအောင်ပြီး အလုပ်တစ်ခုရဖို့ ရည်မှန်းချက်ထား ကြိုးစားလျက်ရှိပါတယ်။ နှစ်ပတ်တစ်ခါ တနင်္ဂနွေနေ့တိုင်း ဒါယာဂန့်ဂျ်စာအုပ်ဈေးလေးကို အလည်သွားပြီး မေးခွန်းလွှာတွေ ဝယ်ခဲ့ပါတယ်။ ငှားထားတဲ့ အခန်းပြန်ရောက်ရင် စာမေးပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပါတယ်။

## အထောက်အကူပြုလျက်ရှိ

ဒါယာဂန့်ဂျ်စာအုပ် ဈေးလေးဟာ အစိုးရစာမေးပွဲဖြေမယ့် လူငယ်များကြား နာမည်ကြီးလျက်ရှိပါတယ်။

တနင်္ဂနွေနေ့မှာ စာအုပ်ဈေးသည်တွေဟာ လူသွားစင်္ကြံတစ်လျှောက် စာအုပ်တွေခင်းပြီး ရောင်းချကြပါတယ်။ ရောင်းချတဲ့စာအုပ်တွေမှာ ပညာရေးမှသည် မျက်မှောက်ရေးရာအထိ ပါဝင်ပါတယ်။ မဂ္ဂဇင်း၊ စာမေးပွဲမေးခွန်းလွှာ၊ လေ့လာစရာသုတအဖြာဖြာကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပါတယ်။ အဲဒီစာအုပ်စာတမ်းစာစောင်တွေဟာ ကျောင်းသားတွေကို တင်းကျပ်တဲ့ အစိုးရစာမေးပွဲအောင်ဖို့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါတယ်။

## အလုပ်တစ်ခုရဖို့ပါပဲ

“ကျွန်တော့်ရဲ့ဆန္ဒကတော့ အလုပ်တစ်ခုရဖို့ပါပဲ၊ ဒါမှသာ ကျွန်တော့် မိသားစုရဲ့အနာဂတ်ကို လုံခြုံစိတ်ချအောင် လုပ်ဆောင်နိုင်မှာလို့” မီရှာရာက ပြောပါတယ်။ အဖေက လယ်သမားတစ်ယောက်ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးခြင်းက လက်ရှိမှာတော့ မိသားစုကို သက်သောင့်သက်သာ ထိန်းကျောင်းသွားနိုင်ဖို့ မလုံလောက်ပါဘူးလို့ သူက ပြောပါတယ်။

မီရှာရာကဲ့သို့ လူငယ်များဟာ အရှိန်ညီးညီးတောက်လောက်နေတဲ့ အိန္ဒိယနိုင်ငံရဲ့စီးပွားရေးကို ကူညီထောက်ပံ့ရန် လုပ်ဆောင်နေသော်လည်း အလုပ်အကိုင်မရှိတာကြောင့် အနှောင့်အယှက်တွေဖြစ်လို့နေပါတယ်။

## အပျက်စိတ်တွေလွှမ်းမိုး

ဒီလောက် ယှဉ်ပြိုင်မှုပြင်းထန်ပြီး အလုပ်လက်မဲ့တွေများတဲ့ အခုလို အခြေအနေမှာ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်အတွေးအခေါ်တွေနဲ့ အပျက်စိတ်တွေဟာ မိမိရဲ့စိတ်ကို လွှမ်းမိုးလာတယ်။ အလုပ်မရရင် ဘာတွေဆက်ဖြစ်မလဲ ဆိုပြီးတော့။ သို့သော်လည်း အဲဒီအပျက်စိတ်ထဲက ရုန်းထွက်ပြီး အကြောက်တရားတွေကို ကျော်လွှားနိုင်အောင် ကြိုးစားလိုက်တယ်လို့ မီရှာရာက ပြောပါတယ်။

အလုပ်တစ်ခုရအောင် အစိုးရစာမေးပွဲဖြေပြီးရင်တောင် အစိုးရအေဂျင်စီတွေက စာမေးပွဲရလဒ်ကို ကြေညာဖို့ သုံးနှစ်ကနေ ငါးနှစ်အထိ ကြာတတ်တယ်လို့ သူက ပြောပါတယ်။

## ဒေါသတွေထွက်လာ

အလုပ်လက်မဲ့တွေ မြင့်တက်လာခြင်းနဲ့ အလုပ်အကိုင်မရှိခြင်းဟာ အိန္ဒိယနိုင်ငံရဲ့ လူဦးရေအထူထပ်ဆုံး ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရဲ့ ရွေးကောက်ပွဲမှာ ကြီးမားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပြဿနာကြီးတစ်ခု ဖြစ်ပါတယ်။

မကြာသေးမီက အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျ်နက်သ်ဆင်းရဲ့ ရွေးကောက်ပွဲလှုပ်ရှားမှုမိန့်ခွန်းကို အဲဒီပြည်နယ်မှာရှိတဲ့ အလုပ်ရှာဖွေနေတဲ့ လူငယ်တစ်ယောက်က ထိုးနှက်ခဲ့ပါတယ်။ အဲဒီလူငယ်က အိန္ဒိယကာကွယ်ရေးဝန်ကြီးကို အိန္ဒိယတပ်မတော်မှာ ဘယ်တော့ လူသစ်စုဆောင်းမှာလဲလို့ မေးခွန်းထုတ်လိုက်ပါတယ်။

ဥတ္တာပရာဒေ့ရှ်ကဲ့သို့ပဲ အိန္ဒိယနိုင်ငံရဲ့ တခြားအစိတ်အပိုင်းမှာရှိတဲ့ လူငယ်တွေဟာ အလုပ်အကိုင်အလွန်ပဲ ရချင်ခဲ့ပါတယ်။ သူတို့မျှော်မှန်းသလို ဖြစ်မလာတဲ့အခါမှာ တစ်ခါတစ်ရံမှာ ဒေါသထွက်ခြင်း၊ ပေါက်ကွဲခြင်းတွေဘက်ကို ဦးတည်လာပါတယ်။

## ဆန္ဒပြမှုတွေဖြစ်

လွန်ခဲ့တဲ့လက အလုပ်ရှာဖွေသူတွေဟာ အစိုးရ ရထားဌာန လူသစ်စုဆောင်းရေးက ကျင်းပတဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ စာမေးပွဲမှာ စံသတ်မှတ်ချက်တွေနဲ့ လွဲနေတယ်ဆိုပြီး ဆန္ဒပြခဲ့ကြပါတယ်။ သူတို့ထဲက တချို့ဟာ လူစီးရထားတွဲတွေကို မီးရှို့ခဲ့ကြပါတယ်။

ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ ရဲတွေကို ကျောက်တုံးတွေနဲ့ ပစ်ပေါက်ခဲ့ကြသလို ရထားပြေးဆွဲမှုတွေကိုလည်း ပိတ်ဆို့ဖို့ ကြိုးစားခဲ့ကြပါတယ်။ ဆန္ဒပြတဲ့ လူအုပ်ကြီးကို ရဲတွေက မီးခိုးဗုံးတွေနဲ့ ပစ်ပြီး လူစုခွဲခဲ့ရပါတယ်။

## ပညာရေးမြင့်မားသူတွေတောင် လုပ်ခလစာနည်းတဲ့ အလုပ်တွေလုပ်နေ

နိုင်ငံတစ်ဝန်းမှာ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်လာခဲ့တဲ့အတွက် အမျိုးသမီးတွေအအပါအဝင် အိန္ဒိယ၌ သန်းချီတဲ့ လူငယ်တွေဟာ အလုပ်တစ်ခုတောင် မရရှိခဲ့ကြပါဘူး။ ဘွဲ့ရတွေတောင် အတူတူ အလုပ်ရှာဖွေမှုတွေကို ရပ်ဆိုင်းလိုက်ပါပြီ။ တကယ့်မြင့်မားတဲ့ အရည်အချင်းရှိသူတွေတောင် လုပ်ခလစာနည်းတဲ့အလုပ်တွေကို လုပ်နေကြပါတယ်။

လွန်ခဲ့တဲ့နှစ်ဒီဇင်ဘာက အစိုးရဌာနမှာအလုပ်လုပ်ဖို့ ၁၀ တန်းအောင် အဆင့်ရှိတဲ့ ရုံးအကူ၊ ယာဉ်မောင်းနဲ့ ညစောင့် ၁၅ နေရာကိုခေါ်ယူခဲ့ရာမှာ လာရောက်လျှောက်ထားတဲ့ အရေအတွက်ဟာ ၁၁၀၀၀ ကျော်ခဲ့ပါတယ်။ အဲဒီထဲမှာ ဘွဲ့ရတွေ၊ ဘွဲ့လွန်တွေ၊ အင်ဂျင်နီယာဘွဲ့တွေ၊ ဥပဒေဘွဲ့တွေတောင် ပါလာပါတယ်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ အိန္ဒိယနိုင်ငံမှာ အလုပ်လက်မဲ့ဦးရေ ၅၃ သန်းရှိပြီး အများစုကတော့ အမျိုးသမီးတွေဖြစ်ကြပါတယ်။ သူတို့ထဲက ၃၅ သန်းမှာ အလုပ်ရှာဖွေလျက်ရှိပြီး ၁၇ သန်းမှာ အလုပ်လုပ်ဖို့ စိတ်အားထက်သန်သူတွေ ဖြစ်ကြပါတယ်။

## အလုပ်လက်မဲ့တွေ မြင့်တက်လာ

သို့သော်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ အလုပ်လက်မဲ့နှုန်းဟာ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက ကြောက်စရာ ကောင်းလောက်အောင် အလုပ်လက်မဲ့နှုန်းဟာ ၇ ဒသမ ၉ ရာခိုင်နှုန်းအထိရှိခဲ့ပါတယ်။

ဆက်လက်ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဟာ အိန္ဒိယနိုင်ငံရဲ့စီးပွားရေးကို အကြီးအကျယ် နှောင့်ယှက်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်းမှာ အလုပ်ဆုံးရှုံးမှုတွေမြင့်တက်လာပြီး အလုပ်လက်မဲ့နှုန်းတွေ မိုးထိရောက်ရှိလာခဲ့ပါတယ်။

ကိုးကား- ဆင်ဟွာ

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၇–၂–၂၀၂၂ ရက်နေ့မှ ၄–၃–၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ . ၂၂၄ သန်း ဖြစ်ပါသည်။ ၄–၃–၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၈–၁–၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၂,၅၅၆,၂၁၀,၁၄၂.၅၃ |
| (+) ၇–၂–၂၀၂၂ မှ ၄–၃–၂၀၂၂ ရက်နေ့ထိ ရရှိငွေ | ၂၂၃,၅၅၀.၀၀ |
| ၄–၃–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၂,၅၅၆,၄၃၃,၆၉၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၈–၁–၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂,၂၆၇,၃၄၉.၅၃ |
| (+) ၇–၂–၂၀၂၂ မှ ၄–၃–၂၀၂၂ ရက်နေ့ထိ ရရှိငွေ | – |
| ၄–၃–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂,၂၆၇,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA-013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၇-၂-၂၀၂၂ ရက်နေ့မှ ၄-၃-၂၀၂၂ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၉-၂-၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဦးတင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| | ၂၁-၂-၂၀၂၂ | ၁၀၀,၀၀၀ |
| ၁ | ဦးလှမိုး(တောင်ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| | | |
| | ၄-၃-၂၀၂၂ | ၂၃,၀၀၀ |
| ၁ | ဦးကျော်သစ်ထွန်း(မင်္ဂလာဒုံမြို့နယ်) | ၂၃,၀၀၀ |
| | | |
| | (၇-၂-၂၀၂၂ ရက်နေ့မှ ၄-၃-၂၀၂၂ ရက်နေ့ထိ) စုစုပေါင်း | ၂၂၃,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့သည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်း ဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## မတ် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၆၃ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၈၃ ဦးရှိ

(၄–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၅၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၆၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၂၁၂,၉၀၁)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၉၅,၈၂၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၄၄,၀၅၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၈၃) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၂၀) ခု | (၂၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၀) ခု | (၁၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၀) ခု | (၁၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄) ခု | (၂၅) ဦး |
| စစ်တွေမြို့၊ အမှတ်(၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၉၆) ခု | (၁၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၅၁) ခု | (၃၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၅၅၀) ခု | (၁,၀၈၅) ဦး |
| **စုစုပေါင်း** | (၂၅,၅၆၄) ခု | (၁,၈၆၃) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပေကျင်း ဆောင်းရာသီအိုလံပစ်ပွဲတော်နှင့် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှု

မောင်သောင်းဝင်း(တမန်ဟောင်း)

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲတော်၌ ကိုဗစ်-၁၉ ရောဂါကို ဘယ်လိုထိန်းချုပ်ခဲ့သလဲဆိုတာ ကမ္ဘာကြီးကို သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်နေသည့် အချိန်၌ပင်လျှင် ပွဲစီစဉ်သူများသည် အားကစားသမားများအား ဘေးကင်းလုံခြုံမှုရှိအောင် အနီးကပ်စောင့်ကြည့်ခဲ့ကြသည်။ လက်ရှိအချိန်တွင် ကိုဗစ်- ၁၉ ရောဂါသည် အိုမီခရွန်မျိုးဗီဇကွဲများကြောင့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်လျက်ရှိသည်။




အားကစားသမားများအား ကိုဗစ်- ၁၉ စစ်ဆေးမှု ပြုလုပ်စဉ်။

### ကိုဗစ်-၁၉ လုံးဝကင်းစင်ရေးအစီအစဉ်

ဆောင်းရာသီ အိုလံပစ်ပွဲတော်မစတင်မီ တစ်လခန့်အလို ဒီဇင်ဘာ ၂၇ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ၁ ဒသမ ၄၄ သန်းခန့်အထိ မြင့်တက်ခဲ့သည်။

ထိုသို့ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လျက်ရှိသော်လည်း အိုလံပစ်ပွဲတော်အခမ်းအနား ပိတ်သိမ်းခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကိုဗစ်- ၁၉ ရောဂါပိုးကူးစက်ခံရသူ ၄၃၇ဦးသာ ရှိခဲ့သည်။ အိုလံပစ်ပွဲတော်မစတင်မီက တရုတ်နိုင်ငံသို့ ရောက်ရှိလာသည့် အားကစားသမားများနှင့် တာဝန်ရှိသူများအနက် ၁၈၀ သာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သည်။ ဆိုရလျှင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဆောင်းရာသီအိုလံပစ်ပွဲတော်တွင် ကြီးမားသော အနှောင့်အယှက်တစ်စုံတစ်ရာ မဖြစ်ခဲ့ပေ။

အမှန်တော့ တရုတ်နိုင်ငံသည် ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်မှုကို ဆောင်းရာသီ အိုလံပစ်ပွဲတော်ကာလတွင်သာ အပူတပြင်း ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ လုံးဝကင်းစင်ရေးအစီအစဉ် (Zero Covid-19)အရ မြို့ကြီးများကို ကာလရှည်ကြာ ပိတ်ဆို့ခြင်း၊ ဆေးစစ်မှုများပြုလုပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိသည်။

### အစိုးရ၏ စနစ်ကျသောစီမံခန့်ခွဲမှု

စင်စစ်အားဖြင့် တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် လစ်ဘရယ် ဆန်လွန်းသည့် တချို့သော အနောက်နိုင်ငံများကဲ့သို့ ပေါ့လျော့စွာနေထိုင်သွားမည်ဆိုလျှင် လက်ရှိအချိန်၌ ပြည်သူ သန်း ၂၀၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ပြီး သုံးသန်းခန့် သေဆုံးရဖွယ်ရှိသည်ဟု ပညာရှင်အချို့က ခန့်မှန်းတွက်ချက်လျက်ရှိသည်။ သို့သော် အစိုးရ၏ စနစ်ကျသော စီမံခန့်ခွဲမှုနှင့် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုများကြောင့် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက လက်ရှိအချိန်အထိ လူဦးရေ သန်း ၁၇၀၀ ကျော်သည့် တရုတ်နိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၁၃၀၀၀၀ ခန့်သာရှိပြီး ၄၆၃၄ ဦးသာ သေဆုံးခဲ့သည်ကို တွေ့ရှိရသည်။ အိုလံပစ်ပွဲတော်တွင် နိုင်ငံပေါင်း ၉၁ နိုင်ငံမှ အားကစားသမားထောင်ပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်ခဲ့ခြင်းမရှိပေ။ တရုတ်အစိုးရသည် နိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်သည့်နည်းလမ်းအတိုင်းပင် ပေကျင်းအိုလံပစ်ပွဲတော်တွင်လည်း တင်းကျပ်သော ကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲပြုလုပ်သည့်နေရာများကို ပေကျင်းမြို့နှင့် သီးသန့်ခွဲ၍ ထားရှိခဲ့သည်။ အခြား မြို့၊ ရွာများနည်းတူ ဆောင်းရာသီအိုလံပစ်ပွဲတော် ကျင်းပမည့်နေရာကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။

### ကူးစက်မှုနှုန်းသည် ၀ ဒသမ ၀၁ ရာခိုင်နှုန်းသာရှိ

ကိုယ်စားလှယ်များနှင့် အားကစားသမားများကို နေ့စဉ် ကိုဗစ်-၁၉ ရောဂါစစ်ဆေးပြီး ရောဂါပိုးမတွေ့မှသာလျှင် ဆက်လက်ယှဉ်ပြိုင်စေခဲ့သည်။ ဆောင်းရာသီအိုလံပစ်ပွဲတော် ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းသည် ၀ ဒသမ ၀၁ ရာခိုင်နှုန်းသာ ရှိကြောင်းနှင့် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုအစီစဉ်သည် ကမ္ဘာပေါ်တွင် ဘေးကင်းလုံခြုံမှုအရှိဆုံးစနစ်ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီ (IOC) ဥက္ကဋ္ဌ သောမတ်စ်ဘိရှ်က ဖေဖော်ဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။ အချို့သော အားကစားသမားများသည် ပေကျင်း၏ ရောဂါထိန်းချုပ်မှုအစီအစဉ်အပေါ် ဆန့်ကျင်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ အိုမီခရွန်ထိန်းချုပ်နိုင်စွမ်းကို ဆောင်းရာသီ အိုလံပစ်ပွဲတော်က လက်တွေ့ပြခဲ့ပြီဖြစ်သည်။ တရုတ်တို့သည် ဘယ်လောက်အထိ ပူးပေါင်းပြီး စည်းရုံးဆောင်ရွက်နိုင်သည်ကို လက်တွေ့ပြသခဲ့ပြီဖြစ်သည်။ ထိုသို့ ကြီးကျယ်လွန်းလှသည့် နိုင်ငံတကာပွဲတော်ကြီးတစ်ခုကို ဘေးကင်းလုံခြုံစွာ ကျင်းပနိုင်ရေးအတွက် ငွေကြေးအမြောက်အမြား သုံးစွဲခဲ့ရမည်မှာ အသေအချာပင်ဖြစ်သည်။ တရုတ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် သဘောသဘာဝများနှင့်ပတ်သက်၍ နှစ်နှစ်ခန့် စုဆောင်းထားသော အချက်အလက်များကို အခြေခံပြီးမှ အိုလံပစ်ပွဲတော်ကို ဘေးကင်းလုံခြုံမှုရှိအောင် ကျင်းပခဲ့ခြင်းဖြစ်သည်။

### အိုမီခရွန်ပျံ့နှံ့ချိန်နှင့် အိုလံပစ်ပွဲတော်

ပေကျင်းအိုလံပစ်ပွဲတော်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ် ကျင်းပသည့် ဒုတိယမြောက် နိုင်ငံတကာအားကစားပွဲတော်ကြီး တစ်ခုပင် ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း တိုကျို၌ ပြုလုပ်ခဲ့သည့် နွေရာသီအိုလံပစ်ပွဲတော်မှ အတွေ့အကြုံများကိုလည်း သင်ခန်းစာဖော်ထုတ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လက တိုကျိုအိုလံပစ်ပွဲတော် ကျင်းပပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့သည်။ IOC နှင့် ဂျပန်နိုင်ငံတို့ကမူ နွေရာသီအိုလံပစ်ပွဲတော်ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခြင်း မဟုတ်ကြောင်း အတိအလင်း ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ပေကျင်းသည် အလားတူဖြစ်စဉ်မျိုး မရှိစေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခဲ့သည်။

ဆောင်းရာသီအိုလံပစ်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စေတနာ့ဝန်ထမ်း ၁၉၀၀၀ ခန့်သည် မိသားစုနှင့် နှစ်လခန့် ခွဲခွာနေထိုင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာ စေတနာ့ဝန်ထမ်းများသည် တရုတ်နှစ်သစ်ကူးကာလ၌ပင်လျှင် မိသားစုများနှင့် ခွဲခွာနေထိုင်သွားရန် အခိုင်အမာဆုံးဖြတ်ထားခြင်းဖြစ်သည်။ အိုလံပစ်ပွဲတော်အလွန်ကာလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာမှုမှ ကာကွယ်နိုင်ရန် စေတနာ့ဝန်ထမ်းများသည် ပွဲတော်ပြီးနောက် ၂၁ ရက်ကြာ ကွာရန်တင်းဝင်သွားကြမည်ဖြစ်သည်။ ထို့ကြောင့် စေတနာ့ဝန်ထမ်းများအား စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးထားခဲ့သည်။

### ဆေးစစ်မှုအစီအစဉ်

ပေကျင်း ဆောင်းရာသီအိုလံပစ်ပွဲတော်၏ ဆေးစစ်မှုအစီအစဉ်ကို ဇန်နဝါရီ ၂၃ ရက်တွင် စတင်ခဲ့သည်။ ပွဲစီစဉ်သူများသည် အားကစားသမားနှင့် တာဝန်ရှိသူ ၁ ဒသမ ၈ သန်းကျော်ကို အနည်းဆုံး တစ်နေ့လျှင် ကိုဗစ်-၁၉ ရောဂါဆေးစစ်မှုတစ်ကြိမ် ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၁၇ သို့

**“ပေကျင်းအိုလံပစ်ပွဲတော်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ် ကျင်းပသည့် ဒုတိယမြောက် နိုင်ငံတကာအားကစားပွဲတော်ကြီးတစ်ခုပင် ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း တိုကျို၌ ပြုလုပ်ခဲ့သည့် နွေရာသီအိုလံပစ်ပွဲတော်မှ အတွေ့အကြုံများကိုလည်း သင်ခန်းစာဖော်ထုတ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လက တိုကျိုအိုလံပစ်ပွဲတော် ကျင်းပပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့သည်။ IOC နှင့် ဂျပန်နိုင်ငံတို့ကမူ နွေရာသီအိုလံပစ်ပွဲတော်ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းမြင့်တက်လာခြင်း မဟုတ်ကြောင်း အတိအလင်း ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ပေကျင်းသည် အလားတူဖြစ်စဉ်မျိုး မရှိစေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခဲ့”**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နေသူများဖြစ်သည့် ရဲမင်းသောင်းနှင့် ဇာနည်ထွေးတို့သည် ၎င်းတို့အသုံးပြုသည့် “ရဲမင်းသောင်း”၊ “ဇာနည်ထွေး” Facebook အကောင့်တို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နေ မြင့်သိန်းလွင်သည် ၎င်းအသုံးပြုသည့် “Myint Thein Lwin” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် မတ် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက်၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၆၆ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ဒေသခံပြည်သူ ၇၇၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၉၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၆၆၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၂၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၉၂၇၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၉၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၁၁၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မတ် ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နှင့် မူဆယ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၈၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ပါးစပ်နှင့် နှာခေါင်းစည်းများဖြန့်ဝေခြင်း၊ ထိတွေ့ဆက်ဆံသူများအား ထောက်လှမ်းခြင်းများကို လူအင်အားဖြင့် လုပ်ဆောင်ခဲ့သည်။ ပွဲကြည့်ပရိသတ်ကိုလည်း အနည်းဆုံးအင်အားသာ ခွင့်ပြုခဲ့သည်။ ဆိုရလျှင် ၂၀၂၂ ဆောင်းရာသီအိုလံပစ်ပွဲတော်သည် ရုပ်မြင်သံကြားမှကြည့်ရှုသည့် ပရိသတ်အများဆုံး ပွဲတော်တစ်ခုဖြစ်ခဲ့သည်။ ထို့ကြောင့် ပွဲတော်ကာလ ၁၉ ရက်တွင် ပေကျင်းနှင့် အနီးအနားမြို့များမှ အားကစားပွဲတော် လာရောက်ကြည့်ရှုသူ ၁၅၀၀၀၀ ခန့်သာ ရှိခဲ့သည်။

အားကစားသမားများသည် တရုတ်နိုင်ငံသို့ရောက်ရှိချိန်မှစ၍ လေ့ကျင့်ခန်းနှင့် ပြိုင်ပွဲများမရှိလျှင် အခန်းထဲ၌သာ နေကြရသည်။ တချို့သောအားကစားသမားများသည် လေ့ကျင့်ရေးအထောက်အကူပစ္စည်းများနှင့် အစားအသောက်များအပေါ် စောဒကတက်မှုများ ရှိခဲ့သဖြင့် ပွဲစီစဉ်သူများအနေဖြင့် အချိန်မီဖြေရှင်းပေးခဲ့ရသည်။ တချို့သော အားကစားသမားများသည် ပေကျင်းသို့ရောက်လျှင်ရောက်ချင်း ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသဖြင့် သီးခြားခွဲနေထိုင်ခဲ့ရသော်လည်း ထပ်မံစစ်ဆေးသည့်အချိန်တွင် ပိုးမတွေ့တော့သဖြင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြသည်။ သီးခြား ခွဲခြားနေထိုင်ရခြင်းသည် လူတိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပြီး အားကစားသမားများအတွက်မူ ပို၍ပင် ခံရခက်လေသည်။ သီးခြားခွဲနေထိုင်စဉ် ဆေးဝါးနှင့် အခြားသော အထောက်အကူပစ္စည်း လိုအပ်ချက်များကိုလည်း အချိန်မီဖြည့်ဆည်းပေးခဲ့ရသည်။

မည်သို့ပင်ဆိုစေ အားကစားသမားအများစုသည် ကိုဗစ်-၁၉ ထိန်းချုပ်မှုစည်းမျဉ်း စည်းကမ်းများကို ကြိုဆိုခဲ့ကြသည်။ နေ့စဉ် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုသည် အားကစားသမားများအား စိတ်လုံခြုံမှုဖြစ်စေပြီး ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် ပိုမိုအာရုံစူးစိုက်ကာ စိတ်ချလက်ချ ယှဉ်ပြိုင်နိုင်စေသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် ပေကျင်းမြို့တွင်း သွားရောက်လည်ပတ်ခွင့် မရရှိခဲ့သော်လည်း ကိုဗစ်-၁၉ရောဂါကို အန်တုကျော်လွှားရင်း ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတွင် အခက်အခဲမရှိ ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် ပွဲစီစဉ်သူများအပေါ် ကျေးဇူးတင်ရှိကြောင်းကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားလျက်ရှိကြသည်။

> **“လူသားတို့သည် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်လိုသည်မှာ သဘာဝပင်ဖြစ်သော်လည်း လက်တွေ့တွင်မူ မိမိတို့အတွက် အကျိုးရှိစေသဖြင့် လိုက်ပါဆောင်ရွက်ရကြောင်းကို တရုတ်နိုင်ငံ၏ ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များက သက်သေပြလျက်ရှိပေသည်”**

မည်သို့ပင်ဆိုစေ ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲတော် ကာလအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသည့် အားကစားသမားများအနက် အနည်းငယ်သာလျှင် ပြိုင်ပွဲယှဉ်ပြိုင်ခွင့် အခွင့်အလမ်း ဆုံးရှုံးခဲ့ရသည်။ အားကစားသမားအများစုသည် ပြန်လည်ကျန်းမာလာသည့်အတွက် သက်ဆိုင်ရာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သဖြင့် ဆုတံဆိပ်များပင်ရရှိကာ နိုင်ငံ့ဂုဏ်ကိုပင်လျှင် ဆောင်သွားနိုင်ကြသည်။ အမှန်တော့ ပွဲစီစဉ်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ စနစ်ကျနမှုနှင့် စေတနာတို့ပင်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကင်းစင်သော နိုင်ငံတကာ အားကစားပွဲတော်ကြီးတစ်ခုကို မည်သို့မည်ပုံကျင်းပသွားမလဲဆိုတာကို ပေကျင်းအိုလံပစ်ပွဲတော်မှ သင်ခန်းစာဖော်ထုတ်နိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောဆိုလျက်ရှိသည်။ ဆိုရလျှင် လူသားတို့သည် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်လိုသည်မှာ သဘာဝပင်ဖြစ်သော်လည်း လက်တွေ့တွင်မူ မိမိတို့အတွက် အကျိုးရှိစေသဖြင့် လိုက်ပါဆောင်ရွက်ရကြောင်းကို တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များက သက်သေပြလျက်ရှိပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ၂၀၂၂ ခုနှစ် ပေကျင်းဆောင်းရာသီအိုလံပစ်ပွဲတော်ကာလအတွင်း တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုလုပ်ငန်းစဉ်များကို လေ့လာဖော်ထုတ်သွားနိုင်မည်ဆိုလျှင် သက်ဆိုင်ရာနိုင်ငံများတွင်လည်း ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူမရရှိပါက တိုင်ကြားနိုင်

နေပြည်တော် မတ် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး မတ်လ ၅ ရက်နေ့တွင် ကုမ္ပဏီ ၁၀ ခုမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၁၃၈ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးအပ်သည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP (Toon Tae) | (၀၁၈၆)တွံတေး-ဒလလမ်းမကြီးဘေး၊တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| | | SBP (Htan Ta Pin) | အမှတ်(၅) -ရန်ကုန်-ပုသိမ်လမ်းမကြီး ထန်းတပင်မြို့နယ် ရန်ကုန်တိုင်း |
| | | SBP (Innsein) | အမှတ်(၇၈)အောက်မင်္ဂလာဒုံလမ်း၊စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့။ |
| | | SBP (No-3 Mingalardon) | အမှတ် (၃) လမ်းမကြီး၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | | SBP (No-4 Mhaw Bi) | မြေကွက်အမှတ်(၁၀) အမှတ်(၄)လမ်းမကြီး မြို့မ(၄) ရပ်ကွက် မှော်ဘီမြို့နယ် |
| | | SBP (Tar Kay Ta) | အမှတ်-၄၅၇ ရွှေခင်းသာမြို့ပတ်လမ်း၅-ရပ်ကွက် သာကေတမြို့နယ် |
| | | ZTH (Htan Ta Pin) | မိုင်တိုင်(၇/၀)၊ တူးချောင်းတိုးဂိတ်၊ ရန်ကုန်-ပုသိမ် လမ်းမ၊ တူးချောင်းကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း |
| | | ZTH (Oak Kan) | မိုင်တိုင်(၇၀/၆)၊ ရန်ကုန်-ပြည်လမ်းမ၊ ဘွက်ကုန်းကျေးရွာ၊ ဥက္ကံမြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၂ | Kyaw San Co.,Ltd | KS(019) | မှော်ဘီအမှတ်(၄)လမ်းမကြီး၊မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃ | Aye Nyein Thar | ထက်ကေရီ | အမှတ် (၂)လမ်းမကြီး၊ ရှမ်းတဲကြီး အထက်စံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Best Oil Co; Ltd | PT Power (သာကေတ) | အမှတ်(၂၃၅/ခ)၊ ရွှေခင်းသာလမ်း၊ ၁၀တောင်ရပ်ကွက် |
| | | PT Power (ရွှေဝတီ) | အမှတ်(၆၂)ရပ်ကွက်၊ ရွှေဝတီလမ်းမကြီး |
| | | PT Power (မြယမုံ) | အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး |
| | | PT Power (အမှတ် ၂) | မြေကွက်အမှတ်၊ (၁၄၃/၃)၊(၁၄၃/၂)၊ အမှတ်(၁၄၁) ရပ်ကွက် |
| | | PT Power (ကျောက်တန်း) | အမှတ်(၄၉၂/၆)၊ မြိုင်သာယာရပ်ကွက် |
| | | PT Power (ကုလားဝဲ) | အမှတ်(၇၁၀)၊ ဒဂုံ-သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| | | PT Power (ပုလဲ) | ရွှေနံ့သာကျေးရွာအုပ်စု၊ပုလဲရပ်ကွက် |
| | | PT Power (မှော်ဘီ) | သနပ်ပင်ကျေးရွာအုပ်စု |
| | | PT Power (အမြန်လမ်း) | သာယာကုန်းကျေးရွာအုပ်စု |
| | | Yangon Petrol (သာကေတ) | ရတနာလမ်းမပေါ်၊ တက်လမ်းအိမ်ရာအနီး၊ ၁၀ တောင်ရပ်ကွက် |
| | | Yangon Petrol (ယုဇန) | ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး၊ ၉၂ ရပ်ကွက် |
| | | Yangon Petrol (တောင်-မြောက်လမ်းဆုံ) | မြေတိုင်းရပ်ကွက်အမှတ်-၂၇/၉၊ လူနေ/ရပ်ကွက် အမှတ်-ရွှေပင်လုံအိမ်ရာ၊ (တောင်/မြောက်လမ်းဆုံ) |
| | | Yangon Petrol (ရွှေဝတီ) | ပဲခူးမြစ်လမ်းနှင့် ရွှေဝတီလမ်းမကြီးထောင့်၊ ရွှေဝတီလမ်းမကြီး၊ ၆၀ ရပ်ကွက် |
| | | Yangon Petrol (မင်းရဲကျော်စွာ) | မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီး လမ်းထောင့် (YBS ကားဝင်းအနီး) |
| | | Yangon Petrol (သုခမ္မာ) | သုခမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက် |
| | | Yangon Petrol (ဒလ) | အမှတ် ၁၄၂၄၊ ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင် ရပ်ကွက် |
| | | Yangon Petrol (မောင်းမကန်) | အမှတ် ၁/က၊ မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက် |
| | | BOC (တွံတေး) | လှိုင်သာယာ-တွံတေးလမ်းမကြီး ၊ တွံတေးမြို့နယ်။ |
| | | Super Myanmar | မင်းကြီးလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းထောင့် |
| | | Petro Green | ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ |
| | | Royal Victory Fuel Station (အလုံ) | ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းသစ်လမ်းထောင့်၊ လွတ်လပ်ရေးရပ်ကွက်၊အလုံမြို့နယ် |
| | | Royal Victory Fuel Station (မင်္ဂလာဒုံ) | အသံလွှင့်ရုံလမ်း၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |
| | | Royal Victory Fuel Station (ပြည်လမ်း) | ပြည်လမ်း၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |

## တိုင်းဒေသကြီး / ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းစာရင်း

၄-၃-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၃၃ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၂ |
| ၃ | နေပြည်တော် | ၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၆ |
| ၅ | မကွေးတိုင်းဒေသကြီး | ၇ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၁၃ |
| ၉ | ကချင်ပြည်နယ် | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၆ |
| ၁၂ | ရှမ်းပြည်နယ် | ၁၉ |
| | စုစုပေါင်း | ၁၃၈ |

## မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP (Yinn Mar Pin) | ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| | | SBP (Madalay 26B) | ၂၆လမ်း၊ ၅၈x၅၉ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| | | SBP (MDY – Myit Ngal) | စက်ကွေ့-စာတိုးမြို့၊ ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး |
| | | SBP (MDY – Ngwe Taung) | ပုသိမ်ကြီးမြို့နယ် ငွေတောင်ကျေးရွာ မန္တလေးတိုင်းဒေသကြီး |
| ၂ | Kyaw San Co.,Ltd | KS (030) | ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန် – မန္တလေးလမ်းဟောင်း။ |
| | | KS (027) | ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| | | KS (031) | တောတွင်းကျေးရွာ၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| | | KS (26) | ထန်းခွကျေးရွာအုပ်စု၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။ |
| ၃ | Best Oil Co; Ltd | PT Power (ရမည်းသင်း) | တဘက္ကာကျေးရွာအုပ်စု |
| | | BOC (မန္တလေး-၃၅လမ်း) | အမှတ်(၄၅)/မ-၈၃၊၃၅လမ်း၊ ၅၂x၅၃ လမ်းကြား |
| | | BOC (မန္တလေး-၆၂လမ်း) | အမှတ်(D-1)၊ ၆၂ လမ်း၊ တွတ်ပီကွေ့၊ စက်မှုပန်းခြံလမ်း |
| | | BOC (တံတားဦး(BOC Express)) | မိုင်တိုင်(၃၇၅)၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ တံတားဦးအဝိုင်းထိပ် |
| | | BOC (အမရပူရ(ရွှေပန်းချီ)) | စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း၊ တံတားဖြူအနီး |
| | | BOC (မြင်းခြံ) | မန္တလေး-မြင်းခြံကားလမ်းမကြီးဘေး၊ ချောင်းဒေါင်းရပ် |
| | | BOC (ကျောက်ပန်းတောင်း) | မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမကြီးဘေး၊ ကျောက်ပန်းတောင်းတိုးဂိတ်အနီး၊ အင်တောကျယ်ကျေးရွာ |
| | | BOC (ညောင်ဦး) | ညောင်ဦး-မြင်းခြံကားလမ်းမကြီးနှင့် ညောင်ဦးမြို့ရှောင်လမ်းဆုံအနီး၊ မြေနဲလေးကျေးရွာ |
| | | BOC (စဥ့်ကိုင်) | ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး |
| | | BOC (မန္တလေး-၇၈ လမ်း) | ၇၈ လမ်းနှင့် စစ်ကိုင်းလမ်းခွဲထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| | | ရွှေလီ (ပျော်ဘွယ်) | ဝါးရင်းထုတ်ကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| | | BOC (ပြင်ဦးလွင်) | မိုင်တိုင် ၅၀ မိုင်၊ မန္တလေး-လားရှိုးကားလမ်းမကြီးဘေး၊ ပြင်ဦးလွင်။ |
| ၄ | BaobaBed Hospitality Co.,Ltd | TF | ရေကြည်ပေါက်ကျေးရွာ၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မြစ်ငယ်လမ်းမ |
| ၅ | Gon Yi Soe Trading Co.,Ltd | Black Gold (Pyin Oo Lwin) | အမှတ်204-AA မန္တလေး-လားရှိုးလမ်းမကြီး၊ ရေချမ်းအိုး၊ ပြင်ဦးလွင်မြို့။ |

## နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | ZTH (Nay Pyi Taw) | မိုင်တိုင်(၂၀၁/၀)၊ ယာဉ်ရပ်နားစခန်း၊ မန္တလေး-ရန်ကုန်(အပြန်)လမ်းမ၊ ဒိုးနွယ်ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်တိုင်း။ |
| ၂ | Best Oil Co; Ltd | PT Power (ဥတ္တရသီရိ) | အမှတ်(၁၉)၊ မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့် |
| | | PT Power (ဒက္ခိဏသီရိ) | ဗိုလ်(၄)လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ် |
| | | PT Power (သာဝတ္တိ) | ကြာအင်းဇလုပ်ကျေးရွာအနီး၊ သာဝတ္တိကျေးရွာအုပ်စု |

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၃-၂၀၂၂ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | ဓမ္မသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၅၀ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၂၀ | ရှုလေမြင်လေ ကမ္ဘာမြေ |
| ၀၇:၃၅ | Weekly Sports Info | ၁၇:၃၅ | MRTV Travelogue |
| ၀၉:၄၅ | ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့အနုသုခုမပြခန်း' (အပိုင်း-၃) | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၃၅ | သုတဝေဖြာ သီရိဂေဟာ |
| ၁၀:၃၀ | လူငယ်မျိုးဆက်သစ်အစီအစဉ် | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လှို့ဝှက်ချက်' (အပိုင်း-၆၈) |
| ၁၃:၃၀ | MRTV National News | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၅:၀၀ | ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကြားရေးများ 'တတ္တဗေဒဘာသာရပ်' | ၂၁:၀၀ | တစ်ပတ်တော်နေ့ဝက်ပြဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁) |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'မိတ်ဆွေဝစ်' | ၂၁:၄၅ | 'ပျော်စရာအငြိမ့်' |

**mitv**

07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
07:10 Weekly Review
07:26 Mote Khwe Late from Intaing Village
07:35 Myanmar Designer Studio: Naw Naw
07:51 Kid's Home
08:01 Quiz Time (Ep-4)
09:01 News
09:25 Global Partnership for Brighter Future: Honduras Pavilion at Expo 2020 Dubai
09:35 New Destination for Sea Lovers
09:47 Myanmar Masterclass: Artist U Kyaw Thaung
10:01 A Happy Visit to Zoological Garden (Nay Pyi Taw)

**MRTV NRC**

**ပအိုဝ်းကချင် (၀၆:၀၀ မှ ၀၇:၀၀)**
မြောင်းမြမုန့်ဟင်းခါး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဆီချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တလာဘူးရွာသို့အလည်သွားကြရအောင်

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းများ (ချင်းပြည်နယ်မှ အော်ဂဲနစ်စိုက်ပျိုးရေး)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၆)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၅)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ပူတာအိုသို့ အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ခဲသမားတို့ရဲ့ဘဝ

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၆:၃၅ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၀:၀၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၀:၁၅ | ဒီမိုကရေစီဆိုသည်မှာ |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၁၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂) |
| ၁၁:၁၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | စိုက်နည်းစနစ်ဖြင့်အထွက်တိုးမည့်ကြံ |
| ၀၇:၄၀ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၀၇:၀၀ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၈:၄၀ | ရိုးမပေါ်က ကျွန်းစိုက်ခင်းများဆီသို့ |
| ၀၉:၁၅ | ပိုးသတ်ဆေးများစနစ်တကျကိုင်တွယ်သုံးစွဲနည်း |
| ၀၉:၄၅ | ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲဝင်းငုံဟင်းစုံချက်ပြုတ်စားကြစို့ |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၁၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ငွေနေ့တနင်္ဂနွေမှအစ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

---

Myanmar National Committee on Women

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ( ၂၀၂၂ ခုနှစ် )

" စဉ်ဆက်မပြတ် တိုးတက်ဖို့ ကျား၊ မတန်းတူ ညီမျှစို့ "

" Gender equality today for a sustainable tomorrow "

၈-၃-၂၀၂၂ နေပြည်တော်

---

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ မိုး/ဇလ

# တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်း အိုမီခရွန်ကာကွယ်ရန် အသိပညာပေးနှီးဆော်

တာချီလိတ် မတ် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်း အိုမီခရွန် ကြိုတင်ကာကွယ်နိုင်ရေး မြန်မာနှင့် ရှမ်းဘာသာဖြင့် အသိပေးနှိုးဆော်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မြို့ပေါ်ရပ်ကွက်အတွင်း လှည့်လည်အသိပေးနှိုးဆော်ဆောင်ရွက်ခဲ့သည်။

အသိပေးနှိုးဆော်ရာတွင် "ကိုဗစ်-၁၉ ရောဂါမျိုးဗီဇပြောင်း အိုမီခရွန်သည် ယခုအခါ ပြန်ကူးစက်ပြန့်ပွားမှု များလာခြင်း၊ အိုမီခရွန်မျိုးကွဲသစ်သည် မူလကိုဗစ်-၁၉ နှင့် လုံးဝမတူတော့ခြင်း၊ လက်ရှိကာကွယ်ဆေးများ၏ ထိရောက်မှုကို လျော့ကျနိုင်ခြင်း၊ ယခင် ကိုဗစ်-၁၉ ရောဂါဖြစ်ဖူးသူများလည်း ထပ်မံဖြစ်ပွားနိုင်ခြင်းနှင့် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် လူစုလူဝေးရှောင်ခြင်း၊ မလိုအပ်ဘဲ အိမ်ပြင်ထွက်သွားလာခြင်းမပြုရန်၊ ပြင်ပထွက်သွားလာတိုင်း နှာခေါင်းစည်း တပ်ရန်၊ လက်ကို စနစ်တကျ မကြာခဏဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေထိုင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အလေးထားလိုက်နာပြီး ကာကွယ်ကြရန်"စသည်တို့ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်း လှည့်လည်အသိပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၄၂၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၅၅/၁၉၂၅ ကျပ် | ၁၉၃၅/၁၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၆၅/၁၉၃၅ ကျပ် | ၁၉၆၀/၁၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၀၀/၁၉၁၀ ကျပ် | ၁၈၆၀/၁၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၀၀/၁၉၇၅ ကျပ် | ၂၀၆၀/၂၀၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၀ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၄၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၁၄၅၇ | ၁၁၉၂၉၄၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၄၅၅၀ | ၁၃၂၇၉၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၉ | ၂၆၁၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## နတ်မောက်မြို့နယ် ယင်းဆိပ်ယာယီပျိုးဥယျာဉ်တွင် ပျိုးပင်မျိုးစုံ ၂၄၂၀၀ ပျိုးထောင်ထားရှိ

**နတ်မောက် မတ် ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ လူထုဖြန့်ပျိုးပင်များကို ယင်းဆိပ်ယာယီပျိုးဥယျာဉ်တွင် သစ်မျိုး ၁၀ မျိုး(ပျိုးပင်ပေါင်း ၂၄၂၀၀)ပျိုးထောင်ထားရှိကြောင်းသိရသည်။




ယင်းဆိပ်ယာယီပျိုးဥယျာဉ်တွင် ကျွန်းပင် ၃၇၀၀၊ ယူကလစ် ၄၅၀၀၊ လျှော်ဖြူ ၃၀၀၀၊ ယင်းမာပင် ၄၅၀၀၊ တမာ ၁၅၀၀၊ မြန်မာကုက္ကို ၁၀၀၀၊ ဧးဖြူ ၂၀၀၀၊ မန်ဂျန်ရှားပင် ၁၀၀၀၊ စိန်ပန်းကြီး ၁၀၀၀ နှင့် မဲဇလီပင် ၂၀၀၀ စုစုပေါင်း ပျိုးပင် ၂၄၂၀၀ ကို စိုက်ပျိုးထားခြင်းဖြစ်သည်။

ယင်းပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ သစ်ပင်သစ်တော၏ တန်ဖိုးကို သိရှိစေရန်နှင့် သစ်တောထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိကြောင်းလည်း မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်မင်းထံမှ သိရသည်။

**သင်းသင်းမြတ်(ပြန်/ဆက်)**

## မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေး

**မြန်အောင် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား လုပ်ငန်းများ၊ ရေပေးရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဟသ်ာတခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့က မတ် ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က လုပ်ငန်းများ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် ညွှန်ကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်း၌ကျေးလက်ကုန်ထုတ်လမ်း တစ်လမ်း၊ တံတား သုံးစင်း၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ခြောက်ခုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)ကို ကျေးရွာ ငါးရွာတွင် ဆောင်ရွက်နေပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ထွန်းအောင်ထံမှ သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**



## ပုံပါကျင်မြို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ပုံပါကျင် မတ် ၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း ပုံပါကျင်မြို့၌ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ပုံပါကျင်မြို့ မိုင်းဟန်ကျေးရွာအုပ်စု ဆင်ငင်းကျေးရွာနေ ပြည်သူများအတွက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုံပါကျင်ရှေ့တန်းရုံး တာဝန်ခံ လဝကဦးစီးမှူး ဦးမြင့်မိုးနှင့် ဝန်ထမ်းများက ဆင်ငင်းကျေးရွာနေပြည်သူများအား ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာများကို ဟောပြောခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လျှောက်ထားသည့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။



ပုံပါကျင်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်ပေးခြင်း၊ ပျက်စီး/ပျောက်ဆုံးသူများကို မိတ္တူပြုလုပ်ခြင်းနှင့် လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံးစာရင်းများ ဖြည့်စွက်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိုး/လျှော့/ပြောင်းဝင်/ပြောင်းထွက် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိနေသည့် ရပ်ကွက် ကျေးရွာသို့လည်း ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန္တာ(ပြန်/ဆက်)**

## မုဒုံမြို့၌ နွေစပါး ၆၃၈ ဧက စိုက်ပျိုးပြီးစီး

**မုဒုံ မတ် ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၁ - ၂၀၂၂ ခုနှစ် နွေစပါးများကို အဇင်းဆည်နှင့် ဝင်းဖနုံဆည်မှ ရေများ၊ ချောင်းပိတ်မြောင်းပိတ်ရေများဖြင့် ၆၂၈ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ တောင်သူများအနေဖြင့် လျာထားဧကထက်ကျော်လွန်၍ ၆၃၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုးသောစပါးမျိုးများမှာ ဆင်းသုခ ၅၃၈ ဧကနှင့် နံ့ကောက်ဧက ၁၀၀ ဖြစ်ပြီး ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာသို့ ဧက ၃၀၀ အတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးကြောင်း၊ စိုက်ခင်းများ အောင်မြင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် ဝန်ထမ်းများက စိုက်ခင်းများအရောက် မြေပြင်ကွင်းဆင်း၍ တောင်သူများနှင့်ပူးပေါင်းကာ ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးခြင်း၊ မျိုးသန့်စံပြကွင်း၌ မျိုးကွဲပယ်ခြင်း၊ သွင်းအားစုများ ပက်ကြဲခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်၍ သစ်ပင်လဲကျရာမှ လူနေအိမ်အမိုးများပျက်စီး

**တနင်္သာရီ မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ မတ် ၃ ရက် ညနေ ၆ နာရီကျော်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျရာမှ အနီးရှိ လူနေအိမ်နှစ်ခန်း၏ အမိုးအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ ပျဉ်ခင်း နှစ်ခန်းတွဲ တန်းလျားအဆောက်အအုံပေါ်သို့ မလေးရှားပိတောက်ပင် လဲကျကာ အမိုးသွပ်ပြား ၂၂ ချပ်ခန့်ပျက်စီးခဲ့ခြင်းဖြစ်သည်။ သစ်ပင်လဲကျမှုကြောင့် အိမ်ရှင် ဒေါ်ပိုက်တလဲ၏ အိမ်ထောင်စုမှ မိသားစုဝင် နှစ်ဦးနှင့် ဦးငွေလင်း၏ အိမ်ထောင်စုမှ မိသားစုဝင်ခုနစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လဲကျခဲ့သောသစ်ပင်နှင့် အပျက်အစီးများကို ယင်းကျေးရွာရှိ ရွာသူရွာသားများက ပူးပေါင်းရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ကျောက်တော်မြို့နယ်၌ မီးလောင်မှုဖြစ်၍ နေအိမ်ငါးလုံးဆုံးရှုံး

**ကျောက်တော် မတ် ၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု ကျောက်တလုံးကျေးရွာ၌ ယမန်နေ့ ညနေ ၆ နာရီခန့်က မီးလောင်မှုဖြစ်ပွား၍ နေအိမ်ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်စဉ်မှာ ဦးမောင်ဝေဖြိုး၏နေအိမ်၌ လူစောင့်မရှိဘဲ ဟင်းအိုးတည်ထားခဲ့ရာမှ အနီးရှိထင်းပုံမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ဦးမောင်ဝေဖြိုး၏ နေအိမ်အပါအဝင် စုစုပေါင်း အိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၁၈၀၀၀၀ ခန့်ဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဌေးမင်းနိုင် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး တို့မှ မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ပေးခဲ့ရကြောင်း၊ မီးဘေးဒုက္ခသည် ကျား ၁၆ ဦး၊ မ ၁၄ ဦးတို့အား ကျေးရွာအတွင်းရှိ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် ယာယီနေရာချထားပေးကာ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမောင်ဝေဖြိုးအား ကျောက်တော်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# စစ်တွေမြို့၌ မီးသတ်ယာဉ်၊ မီးသတ်စက်များနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြ

**စစ်တွေ မတ် ၄**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန၌ ပြုလုပ်သော မီးသတ်ယာဉ်၊ မီးသတ်စက်များနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က မီးဘေးကာကွယ်ရေး ပညာပေးခြင်းနှင့် လေ့ကျင့်ခြင်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်နေမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိရန် စည်းရုံးအကြံပြုသည့်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံး ငြိမ်းသတ်နိုင်ရန်အတွက် လေ့ကျင့်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးတက်၊ ကြိုးဆင်းနည်း၊ ဇောက်ထိုးကြိုးဆင်းနည်းနှင့် အပြေးကြိုးဆင်းနည်းတို့ဖြင့် အထပ်မြင့်တိုက်များတွင် မီးလောင်မှုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း ပိတ်မိနေသော လူနာများအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုများကို သရုပ်ပြကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်မီးသတ်ဦးစီးဌာနရှိ အသင့်ထားရှိသည့် မီးသတ်ယာဉ်များ၊ မီးသတ်စက်များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းများကို ကြည့်ရှုအားပေးကာ မီးသတ်တပ်ဖွဲ့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား၍ သရုပ်ပြသည့်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

# ပုပ္ပားဒေသတွင် သီဟိုဠ်ပင်များ အဖူးအပွင့်ပွင့်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိရန် သီဟိုဠ်သရက်စိုက်တောင်သူများ မျှော်လင့်

**ညောင်ဦး မတ် ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် ပတ်ဝန်းကျင်ဒေသထွက် သီဟိုဠ်သရက် (သီဟိုဠ်) ပင်များ အဖူးအပွင့်ပွင့်ချိန် အပွင့်များ လှိုင်လှိုင်ပွင့်နေကြပြီး အသီးသီးကာ သီဟိုဠ်စေ့ရောင်းချချိန် ယခင်နှစ်များကဲ့သို့ ဈေးနှုန်းမကောင်းမည်ကို စိုးရိမ်နေကြကြောင်း လျှော်တောကျေးရွာမှ သီဟိုဠ်သရက်စိုက် တောင်သူများထံမှ သိရသည်။



ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆင်ဆင်းကျေးရွာ၊ နဂါးလည်ကျေးရွာ၊ ဆည်ကျေးရွာ၊ စီးမကျေးရွာနှင့် လျှော်တော ကျေးရွာများသည် သီဟိုဠ်သရက် အမြောက်အမြား စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြောင်း၊ ယခင်နှစ်များတွင် သီဟိုဠ်သရက်စေ့ ပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ အထိ ရောင်းချခဲ့ရသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် သီဟိုဠ်သရက်စေ့ ဈေးနှုန်းမှာ ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ အထိသာ ရောင်းချရကြောင်း သီဟိုဠ်သရက်စိုက် တောင်သူများက ရှင်းပြသည်။ သီဟိုဠ်သရက်သည် နှစ်ရှည်ပင် အမျိုးအစားဖြစ်ပြီး စတင်စိုက်ပျိုးချိန်မှ ၁၀ နှစ်အတွင်း အသီးသီးနှုန်းကောင်းမွန်ကာ အပင်သက်တမ်း ၁၀ နှစ်ကျော်လျှင် အပင်သာကြီးလာပြီး အသီးသီးနှုန်းမှာ လျော့နည်းလာကြောင်း၊ အသီးမသီးသည့်နှစ်များရှိလာပြီး ယခုနှစ်တွင် ဈေးကွက်အနေအထားများ ပျက်လာခြင်းကြောင့် သီဟိုဠ်သရက်ပင်နေရာတွင် အခြားဈေးကွက်ကိုက်မည့် သီးပင်များ အစားထိုးစိုက်ပျိုးမှု များလာကြောင်း၊ သီဟိုဠ်သရက်ပင်များကို ခုတ်ပစ်ပြီး ခြောက်လမာလကာ၊ ကီလိုမာလကာ၊ နဂါးမောက်၊ စိန်တစ်လုံးသရက်များဖြင့် အစားထိုးစိုက်ပျိုးမှု များလာကြောင်း လျှော်တောကျေးရွာမှ ဦးအောင်ဝင်းက ရှင်းပြသည်။

ယမန်နှစ် သီဟိုဠ်စေ့ပေါ်ချိန်က လျှော်တော တစ်ရွာတည်းပင်လျှင် တင်းသုံးရာကျော်ထွက်ကြောင်းနှင့် ဈေးကွက် မကောင်းခြင်းကြောင့် အချို့ သီဟိုဠ်သရက်ခြံရှင်များမှာ သီဟိုဠ်စေ့ မကောက်တော့ဘဲ အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးလာကြောင်းလည်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# ဥယျာဉ်ခြံသီးနှံပြပွဲနှင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အိမ်တွင်းမှုထုတ်ကုန်များပြိုင်ပွဲကျင်းပ

**ကျောက်မြောင်း မတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာရုံး၌ တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဥယျာဉ်ခြံသီးနှံပြပွဲနှင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းမှ အိမ်တွင်းမှုထုတ်ကုန်များ ပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

ပြပွဲနှင့် ပြိုင်ပွဲတွင် ကျောက်မြောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးထွန်းအေးနိုင်က အမှာစကားပြောကြားပြီးနောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ဝင်းက ဥယျာဉ်ခြံစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း အိမ်တွင်းမှုထုတ်ကုန်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျေးရွာများကို ဆုများချီးမြှင့်ခဲ့သည်။ **စိုးသီဟ(ရွှေဘို)**



# အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**အောင်လံ မတ် ၄**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာ ကာလအတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကြီးက ပြောသည်။

အဆိုပါစီမံကိန်းဖြင့် မိုးကောင်းကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ ပျဉ်းပင်လှကျေးရွာ၊ ကျောက်ဆွယ်ကျိုး ကျေးရွာ၊ အောင်ညီသာကျေးရွာ၊ အလယ်ရွာကျေးရွာတို့တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မစီ ခင်းခြင်းလုပ်ငန်း၊ ကျော်စွာကျေးရွာတွင် ဝပ် ၄၀၀ အားရှိ ဆိုလာပြား ရှစ်ချပ်ဖြင့် ဆိုလာပန့်တပ်ဆင်၍ မြစ်ရေတင်ခြင်းစနစ် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် မင်းကန်(တ) ကျေးရွာတွင် အရှည် ပေ ၆၀၊ အကျယ် ပေ ၃၀၊ အမြင့် ၁၂ ပေ ရှိသည့် ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၈၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၈၄ သိန်းတို့ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလပထမပတ်မှစ၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

"ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းကို အောင်လံမြို့နယ် ကျေးရွာရှစ်ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ စီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၈၀၀ နဲ့ ကျေးရွာပြည်သူလူထုရဲ့ ငွေအား၊ လုပ်အား ပူးပေါင်းပါဝင်မှုနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာလည်း စီမံကိန်းတွေဆောင်ရွက်ဖို့ ကျန်ရှိတဲ့ ကျေးရွာတွေကို ဆက်လက်စီမံကိန်းရေးဆွဲပြီး ဖွံ့ဖြိုးရေး လုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ထို့သို့ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ စွမ်းဆောင်ရည်မြင့်တက်ခြင်း၊ နည်းပညာများရရှိခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တတ်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်(ကျေးလက်)**

# ချောင်းဦးမြို့နယ်၌ ဝါမျိုးကောင်းမျိုးသန့်များကို ဝါသီးနှံစိုက်တောင်သူများထံ အရောက်ဖြန့်ဖြူးပေးလျက်ရှိ

**ချောင်းဦး မတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဝါမျိုးကောင်းမျိုးသန့်များကို ဝါသီးနှံ စိုက်တောင်သူများထံအရောက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဝါသီးနှံကို အဓိကထားစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိပြီး လက်ရှိအချိန်တွင် ဝါဈေးနှုန်းသည် တစ်ပိဿာငွေကျပ် ၁၇၀၀ အထိ ဈေးနှုန်းရရှိနေကြောင်း နွယ်ခွေကျေးရွာ ဝါသီးနှံစိုက်တောင်သူများထံမှ သိရသည်။

"မိုးကြိုနဲ့ မိုးချည်မျှင်ရှည်ဝါတွေကို နှစ်စဉ်ချောင်းဦးမြို့နယ်မှာ ဧကတစ်ထောင်ကျော်စိုက်ပါတယ်။ အခုနှစ်မှာ ဝါသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒေသနဲ့သင့်တော်ပြီး အထွက်ကောင်း ချည်မျှင်ရှည်ဝါမျိုးတွေဖြစ်တဲ့ ရွှေတောင်-၈၊ ရွှေတောင်-ရွှေတောင်-၁၀၊ ငွေချည်-၉ ဝါမျိုးတွေ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးဆောင်ရွက်နေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။ **ယွန်း(မုံရွာကိုယ်ပွား)**

မလိုအပ်သော မီးများကို
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၂၈) မှာ မန်ချက်စတာ မြို့ခံနှစ်သင်း တွေ့ဆုံနေတဲ့ပွဲစဉ်အပါအဝင် လီဗာပူးက ဝက်စ်ဟမ်း၊ လေးပွဲဆက် ရှုံးနိမ့်ထားတဲ့ နော့ဝှစ်ချ်က ဘရန့်ဖို့ဒ်၊ တန်းဆင်းဇုန်မှ ဘန်လေက ချယ်ဆီးအသင်းတို့နဲ့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

# မန်ချက်စတာမြို့ခံနှစ်သင်း အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ

## မန်စီးတီး VS မန်ယူ

ပထမအကျော့ရလဒ် မန်ယူ ၀-၂ မန်စီးတီး

မန်စီးတီးအသင်းက ယခုပွဲစဉ်ပြီးရင် ချန်ပီယံလိဂ်ကစားဖို့ရှိတယ်။ မန်ယူအသင်းက ယခုပွဲစဉ်ပြီးရင် စပါး၊ အက်သလက်တီကို မက်ဒရစ်၊ လီဗာပူး၊ လက်စတာစတဲ့ အသင်းကြီးတွေနဲ့ ဆက်တိုက် ကစားရဖို့ရှိတယ်။ နှစ်သင်းကြားရမှတ်ကွာဟမှုက ၁၉ မှတ်အထိ ရှိတာကြောင့် မန်ယူအသင်းအနေနဲ့ မန်စီးတီးအသင်းကို အီတီဟက်မှာ အသာရဖို့ ခက်မယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ နှစ်ပွဲမှာ အသင်းမှ အားထားရတဲ့ တိုက်စစ်မှူး စီရော်နယ်ဒို ဂိုးပေါက်ပျောက်မှုနဲ့အတူ မန်ယူအသင်းလည်း နိုင်ပွဲပျောက်ဆုံးခဲ့တယ်။ ယခုပွဲစဉ်မှာ စီရော်နယ်ဒို ဂိုးပေါက်ထပ်မံပျောက်ဆုံးပါက မန်ယူအသင်း နိုင်ပွဲပျောက်ဆုံးဖွယ်ရှိတယ်။

## နော့ဝှစ်ချ် VS ဘရန့်ဖို့ဒ်

ပထမအကျော့ရလဒ် ဘရန့်ဖို့ဒ် ၁-၂ နော့ဝှစ်ချ်

နော့ဝှစ်ချ်က နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသလို ဘရန့်ဖို့ဒ်ကလည်း နောက်ဆုံး ကိုးပွဲမှာ နိုင်ပွဲပျောက်ထားပြီး တစ်ပွဲသာ သရေကျကာ ရှစ်ပွဲအထိ ရှုံးနိမ့်ထားတာ တွေ့ရတယ်။ တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတဲ့ ဘရန့်ဖို့ဒ်အနေနဲ့ အမှတ်ပေးဇယားအောက်ဆုံး ရပ်တည်နေတဲ့ နော့ဝှစ်ချ်ကို နိုင်ဖွယ်ရာရှိတယ်။

## ကာဆယ် VS ဘရိုက်တန်

ပထမအကျော့ရလဒ် ဘရိုက်တန် ၁-၁ ကာဆယ်

နောက်ပိုင်းပွဲစဉ်တွေမှာ ကာဆယ်အသင်းရဲ့ ခြေစွမ်းတိုးတက်လာတယ်။ ဘရိုက်တန်က သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတာကြောင့် ခြေစွမ်းအကျဘက်ရောက်နေတယ်။ ရပ်တည်မှုအရ တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှု လေးမှတ်သာရှိတဲ့ ကာဆယ်အနေနဲ့ ဘရိုက်တန်အသင်းကို အသာရဖွယ်ရှိတယ်။



### ဂျိဗာဒီယိုလ်ကိုခေါ်ယူရန် စပါး ပစ်မှတ်ထား

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းမှ အသက် ၂၀ အရွယ် ခံစစ်ကစားသမား ဂျိဗာဒီယိုလ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ယခုနှစ်ရာသီတွင် လိုက်ပ်ဇစ်အသင်း၌ ခြေစွမ်းပြသထားနိုင်သော ဂျိဗာဒီယိုလ်သည် ၂၀၂၀ ပြည့်နှစ်က ပေါင် ၁၈ သန်းဖြင့် လိဒ်စ်အသင်းသို့ ပြောင်းရွှေ့ခွင့်ကို ပယ်ချထားသူ ဖြစ်သည်။ ၎င်းသည် လိုက်ပ်ဇစ်အသင်းတွင် ၃၃ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းကာ သုံးကြိမ် ဂိုးဖန်တီးမှုပြုလုပ်ပေးထားသည်။

## ဘန်လေ VS ချယ်ဆီး

ပထမအကျော့ရလဒ် ချယ်ဆီး ၁-၁ ဘန်လေ

ဘန်လေက တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့အတွက် နိုင်ပွဲရရှိရေး အသေအချာပြင်ဆင်လာမှာပါ။ ဘန်လေက ဒီရာသီမှာ အဝေးကွင်းထက် အိမ်ကွင်း ကောင်းမွန်တတ်တာ တွေ့ရတယ်။ ဒါပေမယ့် ချယ်ဆီးရဲ့ ခြေစွမ်းက အကောင်းဘက်မှာ ရှိနေတာကြောင့် ဘန်လေအသင်း အမြင့်ဆုံး သရေရမယ်။

## လီဗာပူး VS ဝက်စ်ဟမ်း

ပထမအကျော့ရလဒ် ဝက်စ်ဟမ်း ၃-၂ လီဗာပူး

ပထမအကျော့မှာ ဝက်စ်ဟမ်းက ခြေစွမ်းပြပြီး လီဗာပူးကို အနိုင်ယူထားတယ်။ ဒါပေမယ့် လီဗာပူးက ဦးဆောင်သူ မန်စီးတီးကို ထက်ကြပ်မကွာ ဖိအားပေးနိုင်ဖို့ နိုင်ပွဲရရှိရေး အာရုံစိုက်လာမှာပါ။ ဝက်စ်ဟမ်းကလည်း အဆင့် (၄) အတွင်း ဝင်ဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ လီဗာပူး နိုင်ဖွယ်ရာရှိပေမယ့် သရေလည်း ကျနိုင်တယ်။

## စပါး VS အဲဗာတန်

ပထမအကျော့ရလဒ် အဲဗာတန် ၀-၀ စပါး

အဲဗာတန်က ဒီရာသီ ပရီမီယာလိဂ် အဝေးကွင်း ၁၂ ပွဲမှာ ခြောက်မှတ်သာ ရရှိထားတယ်။ မစ်ဒယ်ဘရော့ကိုရှုံးပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရတဲ့ စပါးအနေနဲ့ အဲဗာတန်ကို ကပ်နိုင်မယ်။

## လက်စတာ VS လိဒ်စ်

ပထမအကျော့ရလဒ် လိဒ်စ် ၁-၁ လက်စတာ

လက်စတာက ပြီးခဲ့တဲ့ပွဲမှာ တန်းဆင်းဇုန်မှ ဘန်လေကို အနိုင်ရရှိထားတယ်။ လိဒ်စ်က ပြီးခဲ့တဲ့ လေးပွဲမှာ အသင်းကြီးတွေနဲ့ တွေ့ဆုံထားပြီး ဂိုးပြတ်ရှုံးနိမ့်ထားတယ်။ ဒါပေမယ့် နည်းပြအပြောင်းအလဲပြုလုပ်ထားတဲ့ လိဒ်စ်ကို လက်စတာ အနိုင်ရဖို့ ခက်မယ်။ ဒီပွဲမှာ လက်စတာထက် လိဒ်စ်အသင်း နိုင်ပွဲပြန်လည် ရှာတွေ့ဖွယ်ရှိတယ်။

## ဝက်ဖို့ဒ် VS အာဆင်နယ်

ပထမအကျော့ရလဒ် အာဆင်နယ် ၁-၀ ဝက်ဖို့ဒ်

တန်းဆင်းဇုန်အတွင်း ရပ်တည်နေတဲ့ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းက အားရစရာမရှိဘူး။ အာဆင်နယ်က လက်ရှိမှာ ခြေစွမ်းထက်မြက်နေပြီး သုံးပွဲဆက် နိုင်ပွဲရရှိထားတယ်။ တန်းဆင်းဇုန်က ရုန်းထွက်ဖို့ ကြိုးစားလာမယ့် ဝက်ဖို့ဒ်အနေနဲ့ အဆင့် (၄) အတွင်းဝင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်ကို အသာမရနိုင်ဘူး။

### ပရီမီယာလိဂ်ပွဲစဉ် (၂၈)

| | | | |
|---|---|---|---|
| ၅-၃-၂၀၂၂ | | | စနေနေ့ |
| လက်စတာ | - လိဒ်စ် | ည | ၇:၀၀ |
| ဗီလာ | - ဆောက်သမ်တန် | ည | ၉:၃၀ |
| ဘန်လေ | - ချယ်ဆီး | ည | ၉:၃၀ |
| ကာဆယ် | - ဘရိုက်တန် | ည | ၉:၃၀ |
| နော့ဝှစ်ချ် | - ဘရန့်ဖို့ဒ် | ည | ၉:၃၀ |
| ဝုဖ် | - ပဲလေ့စ် | ည | ၉:၃၀ |
| လီဗာပူး | - ဝက်စ်ဟမ်း | နံနက် | ၀၀:၀၀ |
| ၆-၃-၂၀၂၂ | | | တနင်္ဂနွေနေ့ |
| ဝက်ဖို့ဒ် | - အာဆင်နယ် | ည | ၈:၃၀ |
| မန်စီးတီး | - မန်ယူ | ည | ၁၁:၀၀ |
| ၇-၃-၂၀၂၂ | | | တနင်္လာနေ့ |
| စပါး | - အဲဗာတန် | နံနက် | ၂:၃၀ |

### သတင်းတိုများ

- ဝက်စ်ဟမ်းနှင့် ဆဲလ်တစ်အသင်းတို့သည် ဘရစ္စတိုးအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဆီမန်ယို (၂၂နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ရီးရဲမက်ဒရစ်အသင်းသည် အသင်းမှ အသက် ၃၀ အရွယ် စပိန်ခံစစ်ကစားသမား ကာဗာဂျယ်ကို ရောင်းထုတ်ကာ မန်ယူအသင်းမှ ဒါးလော့နှင့် နော့ဝှစ်ချ်အသင်းမှ မက်စ်အာရွန်ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ဘိုင်ယန်မြူးနစ်၊ စပါးနှင့် အာဆင်နယ်အသင်းတို့သည် လက်ရှိ နော့တင်ဟမ်အသင်း၌ အငှားကစားနေသော မစ်ဒယ်ဘရော့အသင်းမှ အင်္ဂလန် ခံစစ်ကစားသမား စပန့်စ် (၂၁နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- စပါး၊ အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် တိုရီနိုအသင်းမှ ဆင်ဂို (၂၁နှစ်) ကို ကမ်းလှမ်းရန် ချိန်ရွယ်နေသည်။

■ မိုးဇက် - စုစည်းသည်

## ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲ ဘက်တစ်နှင့်ဗလင်စီယာတို့ ဆုံတွေ့

စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်ပွဲစဉ် ဖြစ်သည့် ဘက်တစ်နှင့် ဗယ်လက်ကာနို အသင်းတို့ပွဲစဉ်ကို မတ် ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ သို့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ဘက်တစ်အသင်း ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အခြားသော ဆီမီးဖိုင်နယ်မှ ဗလင်စီယာအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်ကို မတ် ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဗလင်စီယာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသောကြောင့် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ဘီလ်ဘာအိုအသင်းသည် နာမည်ကြီး ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်အသင်းတို့ကို အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်သော်လည်း ပြိုင်ဘက် ဗလင်စီယာအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီ ဖြစ်သည်။

ထို့ကြောင့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ဘက်တစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အဆိုပါ ဖလားဗိုလ်လုပွဲကို ဧပြီ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

အဆိုပါဖလား၏ လက်ရှိချန်ပီယံမှာ ဘာစီလိုနာအသင်းဖြစ်ပြီး ဘီလ်ဘာအို အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ (၃၁)ကြိမ်မြောက် ဆွတ်ခူးထားသည်။

## အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ မဲခွဲထုတ်ပြန်

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ မစ်ဒယ်ဘရော့အသင်းက ချယ်ဆီး အသင်းနှင့် ရင်ဆိုင်ကစားရမည် ဖြစ်သည်။ ပြီးခဲ့သည့်ရာသီ အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လက်စတာအသင်းကို တိုင်လီမန်းစ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ရှုံးနိမ့်ပြီး ဆုဖလားကိုင်မြှောက်ခွင့်နှင့်လွဲချော်ခဲ့သည့် ချယ်ဆီးအသင်းသည် စတုတ္ထအဆင့်နှင့် ပဉ္စမအဆင့်တို့တွင် နာမည်ကြီး မန်ယူအသင်းနှင့် စပါးအသင်းတို့ကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသည့် မစ်ဒယ်ဘရော့အသင်းတို့ တွေ့ဆုံမှုက စိတ်ဝင်စားဖွယ်ရာပင်။

ခရစ္စတယ်ပဲလေ့စ်အသင်းက အဲဗာတန်အသင်းနှင့် တွေ့ဆုံနေသလို ဆောက်သမ်တန်အသင်းက ပရီမီယာလိဂ်အမှတ်ပေးဦးဆောင်သူ မန်စီးတီး အသင်းနှင့် တွေ့ဆုံနေသည်။ ထို့အပြင် နော်တင်ဟမ်ဖောရက်စ်နှင့် ဟက်ဒါဖီးလ် အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းအနေဖြင့် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။

အဆိုပါ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။




## ကက်ဆီနှင့် ဆွာရက်ဇ်ကို အက်စ်တွန်ဗီလာ ခေါ်ယူလို

ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာ အသင်းသည် စီးရီးအေကလပ် အေစီမီလန် အသင်းမှ ကွင်းလယ်ကစားသမား ကက်ဆီ (၂၅နှစ်) နှင့် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်ကစားသမား ဆွာရက်ဇ် (၃၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အေစီမီလန်အသင်းမှ ကက်ဆီကို ဗီလာအသင်းအပြင် လာလီဂါနာမည်ကြီး ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT အမှတ်စဉ်(၇/၂၀) သင်တန်းဆင်းပွဲကျင်းပ

လွိုင်ကော် မတ် ၄

**ကယားပြည်နယ် လွိုင်ကော်မြို့ ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်မှ ကျင်းပသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်း ဆရာတတ်ပညာသင်တန်း PPTT အမှတ်စဉ် (၇/၂၀) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်၏ ပညာရေး လုပ်ငန်းစဉ်များကို လက်ဆင့်ကမ်း တာဝန်ယူကြမည့် မျိုးဆက်သစ် ဆရာ၊ ဆရာမများကို ပြုစုပျိုးထောင်ပေးသည့် လွိုင်ကော် ပညာရေးဒီဂရီကောလိပ်သည် ပြည်နယ်၏ ပညာရေး လုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ဆရာ၊ ဆရာမများကို မွေးထုတ်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများတွင် ဆရာ၊ ကျောင်းသား အချိုး ကောင်းမွန်တိုးတက်ရေးနှင့် ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေး ပြည့်ဝစေရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတာဝန်ကျရာဒေသ၌ တာဝန်ထမ်းဆောင်သည့် အချိန်တွင် ဆရာကျင့်ဝတ်၊ ဆရာ စည်းကမ်းနှင့်အညီ စံပြဆရာများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းနှင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာရေးကဏ္ဍကို ခိုင်ခံ့မြင့်မားအောင် ဆရာ၊ ဆရာမများ အနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း ဆရာ၊ ဆရာမ ၅၃ ဦးအား လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာ သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။

ဆက်လက်ပြီး ပြည်နယ် ဝန်ကြီးချုပ်က သင်တန်းဆင်း ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာခင်းများ အောင်မြင်ဖြစ်ထွန်းမှုကောင်း

**တပ်ကုန်း မတ် ၄**

ပြည်ထောင်စုနယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံအဖြစ် နေကြာနှင့်ကုလားပဲတို့ကို အဓိကထား၍ စိုက်ပျိုးကြရာ ယခုနှစ်တွင် နေကြာစိုက်ပျိုးသော ကျေးရွာများ နေကြာများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ပိုနိုင်ကြောင်း ညောင်ငါးပင်ကျေးရွာမှ နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ရေဆင်း-၁နှင့် စပ်မျိုးနေကြာအစရှိသော နေကြာမျိုးတို့ကိုသာ အဓိကထား စိုက်ကြသည်ဟု သိရပြီး နေကြာခင်းများ စိုက်ပျိုးပြီးရက်မှ သုံးလခွဲဝန်းကျင်တွင် ခုတ်သိမ်း ရရှိနိုင်မည်ဖြစ်သည်။

နေကြာစိုက် တောင်သူများမှာ စားသုံးဆီရရှိရေးအတွက် အဓိကထား စိုက်ပျိုးကြသည်ဟု သိရပြီး နေကြာ အပင်၊ အပွင့် ဖြစ်ထွန်းမှုကောင်းမွန်ပါက နေကြာစိုက် တစ်ဧကလျှင် တင်း ၂၀ ဝန်းကျင် ထွက်ရှိနိုင်ကာ ဆီကြိတ်ပါက တစ်တင်းလျှင် ဆီသုံးပိဿာဝန်းကျင်ထွက်ရှိကြောင်း သိရသည်။

"ဆည်ရေသောက် ကွင်းဆိုတော့ နေကြာခင်းတွေက မြေအစိုဓာတ် ကောင်းမွန်စွာရရှိပါတယ်။ အခုနှစ်မှာ ပိုးမွှားအဖျက်လည်းနည်းပါတယ်။ ဆောင်းတွင်းစိုက်တာဆိုတော့ ကြက်တူရွေးငှက်တော့ ခြောက်လှန့်ရပါတယ်။ အပင်အပွင့်ကောင်းအောင် ဆေးအနည်းငယ် ဖျန်းရပါတယ်။ တပေါင်းလထဲမှာ နေကြာပွင့်တွေ ခုတ်သိမ်းရပါမယ်။ ဒီနှစ် နေကြာ ထွက်နှုန်း ပိုနိုင်ပါတယ်" ဟု နေကြာစိုက် တောင်သူတစ်ဦးက ပြောသည်။ မြို့နယ်အတွင်း ဆည်ရေသောက်ကွင်း နေကြာစိုက်ပျိုးသောဒေသများ၌ နေကြာခုတ်သိမ်းပြီးပါက ထယ်ရေးပြင်ကာ ဆည်ရေရရှိမှုအပေါ် မူတည်၍ နွေစပါး စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**





## ဝေါမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် နေကြာအပါအဝင် ဆီထွက်သီးနှံ ၆၀၁၅ ဧက အောင်မြင်စွာ စိုက်ပျိုးထားလျက်ရှိ

**ဝေါ မတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်နေကြာအပါအဝင် မြို့နယ်အတွင်း ဆီထွက်သီးနှံ ၆၀၁၅ ဧက အောင်မြင်စွာစိုက်ပျိုးထားကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးထားရှိမှုတွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာအနေဖြင့် ပဲမျိုးစုံစိုက်ခင်းအတွင်း သီးညှပ်ဧက ၇၀၀၊ နေကြာ သီးသန့်အနေဖြင့် ၁၅ ဧကနှင့် မြေပဲ ဧက ၅၃၀၀ စိုက်ပျိုးထားပြီး နေကြာစိုက်ပျိုးမှုအနေဖြင့် သီးသန့်နေကြာ ၁၅ ဧကတွင် ဆောင်းသီးနှံ ၁၀ ဧကနှင့် ရေသွင်းစိုက်ပျိုးနည်းဖြင့် ငါးဧကစိုက်ပျိုးထားကြောင်း သိရသည်။

ဝေါမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးထားမှုနှင့် ပတ်သက်၍ "မြို့နယ်အနေနဲ့ မြေပဲကတော့ အရင်နှစ်တွေကလိုပဲ ပုံမှန်ဧကအတိုင်း စိုက်ပျိုးထားပြီး အခုနှစ်မှာတော့ ဆီထွက်နေကြာပါ စိုက်ပျိုးထားပါတယ်။ နေကြာက ပဲမျိုးစုံစိုက်ခင်းအတွင်းမှာ သီးညှပ်အနေနဲ့ ဧက ၇၀၀ နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ၁၅ ဧက သီးသန့်စိုက်ပျိုးထားတာပါ။ ၁၅ ဧကမှာ ရေသွင်း စိုက်ပျိုးနည်းနဲ့ ငါးဧကအပါအဝင် အားလုံးအောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး မြေပဲစိုက်တောင်သူတွေကတော့ စတင်ပြီး နုတ်နေသလို နောက် ငါးရက်လောက်ဆိုရင် နေကြာကိုလည်း ခူးယူနိုင်တော့မှာ ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မိုးလွင်က ပြောသည်။

**စိုးမိုး(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့၌ ဆီထွက်သီးနှံနေကြာကေပေါင်း ၁၆၉၀ စိုက်ပျိုး

**ကြို့ပင်ကောက် မတ် ၄**


ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ၂၀၂၂ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ဆီထွက်သီးနှံ နေကြာကို ဧကပေါင်း ၁၆၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်းစားသုံးဆီ ဖူလုံရေး အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အစီအစဉ်ဖြင့် အောက်တိုဘာလက ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့အိတ် ၁၀၀ အား တောင်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ကြို့ပင်ကောက်မြို့၌ နေကြာ စိုက်ပျိုးနိုင်သော မြေအမျိုးအစား အားလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စစ်ကုန်-၂ ကျေးရွာအုပ်စုမှ တောင်သူဦးမြင့်စိုးက ဧကပေါင်း ၃၁၇ ဧကနှင့် သာယာကုန်းကျေးရွာမှ တောင်သူဦးသိန်းထွန်းက နေကြာသီးသန့် ၁၀ ဧကတို့ကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့၍ လာမည့် ဆောင်းသီးနှံစိုက်ရာသီတွင်လည်း မျိုးကောင်းမျိုးသန့် ပြန်လည်အသုံးပြု ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ဌေးထံမှ သိရသည်။

ကြို့ပင်ကောက်မြို့၌ ဆီထွက်သီးနှံနေကြာကို ဆောင်းသီးနှံပဲခင်းများတွင် သီးထပ်သီးညှပ် စိုက်ပျိုးခြင်းအပြင် သီးသန့် စိုက်ပျိုးခြင်းများဖြင့် ကေပေါင်း ၁၆၉၀ စိုက်ပျိုးနိုင်ခဲ့ပြီး အခြား ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ ၃၂၈ ဧကနှင့် နှမ်း ၁၃၁၈ ဧကတို့ကိုလည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့် ဆီထွက်သီးနှံ စိုက်ပျိုးရာသီတွင်လည်း ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**





# မြန်မာနိုင်ငံသမဝါယမ လုပ်ရှားမှုဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**
မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၀ ဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသရှိ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စီမံကိန်းအရ မြန်မာနိုင်ငံသမဝါယမ လှုပ်ရှားမှုဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဆွေးနွေးပွဲသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမ အသင်းမှ တာဝန်ရှိသူများနှင့် ပြည်တွင်းပညာရှင်များ၊ ဌာနဝန်ထမ်းများ၊ သမဝါယမအသင်း အဆင့်ဆင့်ရှိ အသင်းအမှုဆောင်နှင့်အသင်းသားများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ကိုလိုနီခေတ်သမဝါယမ၊ ပါလီမန်ခေတ်သမဝါယမ၊ ဆိုရှယ်လစ်သမဝါယမနှင့် မျက်မှောက်ခေတ် သမဝါယမတို့၏ ခေတ်အဆက်ဆက်လှုပ်ရှားမှု မြန်မာ့သမဝါယမ၏ သမိုင်းကြောင်းနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များက မြန်မာ့သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးခြင်းများ၊ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ဆွေးနွေးပွဲကို ညနေ ၄ နာရီခွဲတွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၄**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၅-၃-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့်ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၁၀) ၌ အဖိုးတန် ရှေးဟောင်းပစ္စည်းများ မသမာသူလက်ထဲ မရောက်စေရေး ကာကွယ်ရန်မှာ လူတိုင်းတွင် တာဝန်ရှိပုံအကြောင်း တင်ဆက်ထားသည့် "မုဆိုးကြီး အလံတစ်ရာဝေး ပါဝင်သော ကျွန်ုပ်… အမုန်းတော်ခံ" မျက်နှာဖုံးကာတွန်း၊ သံလိုက်ခာတ်သည် လျှပ်စစ်ခာတ်အားနှင့် များစွာဆက်စပ်နေကြောင်းကို ကလေးတို့ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "သံလိုက်နှင့် သံလိုက်ခာတ်" သုတဆောင်းပါး၊ ထမင်းဝိုင်းတွင် ဟင်းခပ်ရင်းလက်ဆုံ မိပါက ညှော်သည်ရောက်လာတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနှင့် ညှော်သည်" နှစ်မျက်နှာကာတွန်း၊ ပြောင်းလဲ၍ရသည့် အကျင့်ဆိုးများကို အချိန်မီပြောင်းလဲလိုက်နိုင်သည့် ရဲရင့်အကြောင်းကို တင်ဆက်ထားသည့်"ကတိတည်ပါလေ" ဝတ္ထုကဏ္ဍ၊ ကမ္ဘာပေါ်တွင် တိုက်ကြီးများ မရေမတွက်နိုင်အောင် ရှိသည်ဆိုသော"တုံတုံ" တစ်မျက်နှာကာတွန်း၊ နံ့ပြီစုတ် ငှက်ကလေး၏ ပြောစကားကို မစဉ်းစားမဆင်ခြင်ဘဲ ယုံကြည်မိခဲ့ခြင်းကြောင့် နောင်တကြီးစွာ ရရှိခဲ့ရသော မုဆိုးလေးအကြောင်းကို ရေးဖွဲ့ထားသည့် "ချင့်ယုံ ချင့်ယုံ" ပုံပြင်ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ် စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန် စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**




# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၈၅၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၅၈၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း တရားမဝင် ကျွန်းပရိဘောဂပစ္စည်းများ ၂ ဒသမ ၄၈၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၄၄၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၄၅၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

ထို့အတူ မတ်၃ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် ၂၁ ဒသမ ၅၇၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၉၂၃၀) နှင့် သစ်လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၉၂၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မတ် ၃ ရက်တွင် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးအဖွဲ့မှ ဝေါမြို့နှင့်ရွှေသံလွင် တိုးဂိတ်အကြားရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်တွင် တင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရားမဝင် စားသုံးဆီ ၈၅ ဖာနှင့် အချိုရည် ၈၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၅၀၀၀)နှင့် အဆိုပါစားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၅၀၀၀ ကို အကောက်ခွန်ဥပဒေအရလည်းကောင်း၊ မတ် ၄ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၉၃၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၆၉၀)ကို သစ်တောဥပဒေအရ လည်းကောင်း ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



သို့ဖြစ်ပါ၍ မတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၅၂၉၄၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ ပြည်ပမှ အဆင်ပြေစွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးနေ

**နေပြည်တော် မတ် ၄**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ လက်အိတ် ခုနစ်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွာသာ အထက(ခွဲ) Grade- 3 ကျောင်းဝင်အမှတ် ၀၁၀၆ မအေးမြတ်စု၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၈/တတက(နိုင်)၁၇၇၆၂ ဖြစ်ပါကြောင်း။ **ဦးဝင်းအောင်**

## မှတ်ပုံတင်အမှန်

ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ ဆိုင်ဝမ့်ကထောင် အမက (Grade–1) မှ မခရစ္စတီးနား ဂျာနူးအောင် ၏ဖခင် ဦးဂွန်းအောင်၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၁/မစန(နိုင်)၀၅၁၅၁၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ မရိုးသောင်အုပ်စု၊ ထန်းလေးပင်ကျေးရွာနေ ဦးသန့်စင်အောင်၏သမီး အလက(ခွဲ) မရိုးသောင် G.6 မှ မခင်မြင့်မြတ်အား မရွှန်းလဲ့မေဟု ပြောင်းလဲခေါ်ပါရန်။

**မရွှန်းလဲ့မေ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှုဌာနမှ (၂၀၂၁–၂၀၂၂) ခုနှစ် (၆လ)မီနီဘတ် ဂျက်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့်လုပ်ငန်းများအမည်
- (၁) တည်ဆောက်ရေးလုပ်ငန်းသုံးဆိုင်ရာ သံလုံး/သံချောင်းဝယ်ယူခြင်း
- (၂) တည်ဆောက်ရေးလုပ်ငန်းသုံးဆိုင်ရာ Grade–30 ကွန်ကရစ်ဝယ်ယူခြင်း
- (၃) ဂါလန် (၄၀၀၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်တည်ဆောက်ခြင်း

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** – ၂၀၂၂ ခုနှစ် မတ် ၃ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** – ၂၀၂၂ ခုနှစ် မတ် ၁၇ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – ရေနှင့် သန့်ရှင်းမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** – အမှတ်စဉ် (၂)တစ်စောင်လျှင် ၂၀၀၀/–နှုန်း
အမှတ်စဉ် (၁၊ ၃) တစ်စောင်လျှင် ၅၀၀၀/–နှုန်း

တင်ဒါပုံစံများအား ၃–၃–၂၀၂၂ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍သော်လည်းကောင်း၊ online မှ သော်လည်းကောင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနခွဲမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း–၀၉–၂၂၁၅၆၇၅၊ e-mail:mcdc.wsdprocurement @gmail.com)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဆင့်မသက်တမ်း အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်း၍ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ (၁–၃–၂၀၂၂)ရက်တွင် ပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့၏ (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဆင့်မသက်တမ်း ရွေးချယ်တင်မြှောက်ပွဲတွင် အရွေးချယ်ခံမည့်သူနှင့် ဆန္ဒမဲပေးမည့်သူများ၏ အဆိုပြုလွှာများ လက်ခံမည့်ရက်အား ယခင် (၆–၃–၂၀၂၂)ရက် ၁၆:၀၀ နာရီအစား ၁၄–၃–၂၀၂၂ရက် ၁၆:၀၀ နာရီ နောက်ဆုံးထားပေးပို့ပါရန် အသိပေးကြေညာအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု(RA)(RA–3)၊ အကွက်အမှတ်(တ–၀၆)၊ မြေကွက်အမှတ်(၀၅၇၄)၊ ဧရိယာအကျယ်အဝန်း (၁၀၀' x ၁၀၀')ရှိ မြေကွက်နှင့်တကွ ယင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၂၅၈၄/၂၀၂၀)အရ ဦးအောင်သန်းဦး ၁၂/တတန(နိုင်) ၀၀၃၇၂၇ အမည်ဖြင့် ထွက်ရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ LL.B(စဉ်–၃၅၇၇၆)**
**အထက်တန်းရှေ့နေ**
**အမှတ် (S–1)၊ ကန်တော်ကလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် ခရိုင်၊ ရေကြည်မြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ် ၂၀၄၄–C၊ ရေကြည်မြို့ကွင်း၊ ဦးပိုင် အမှတ် ၁၆၇/၁၊ ဧရိယာ ၀ဒသမ ၀၂၉ ဧက၊ ဦးပိုင်အမှတ် ၁၆၉/၁၊ ဧရိယာ ၀ဒသမ ၀၇၂ ဧက၊ ဦးပိုင်အမှတ် ၁၇၀၊ ဧရိယာ ၀ဒသမ ၀၄၀ ၊စုစုပေါင်း ဧရိယာ ၀ဒသမ ၁၄၁ ဧကရှိ မြေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအမည်ရှိ မြေလွှဲပြောင်းလျှောက်ထား လာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ ဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက် အထား နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေကြည်မြို့နယ်**

## ၂–၃–၂၀၂၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ–၂၂ ပါ ဒေါ်မူမူမြင့် ၁၂/ ပဘတ(နိုင်)၀၂၇၃၀၇ နှင့် အများသိစေရန် ဦးနေဦး ၁၀/ မလမ(နိုင်)၁၅၇၉၄၆ က ၎င်း၏ရှေ့နေများမှတစ်ဆင့် ကြေညာခြင်းကို တုံ့ပြန်ကန့်ကွက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(၉၁/A)၊ အခန်းအမှတ်(၁/၂)နေ ဒေါ်မူမူမြင့် ၁၂/ ပဘတ(နိုင်)၀၂၇၃၁၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ကန့်ကွက်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်း၊ (၉၁/A)၊ အခန်းအမှတ်(၁/၂) ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံမှာ Asia Naple Co.,Ltd ပိုင်မြေနှင့် အဆောက်အအုံ ဖြစ်ပြီး ညီမအငယ်ဆုံးဖြစ်သူ ဒေါ်မူမူမြင့်အား နေထိုင်ခွင့်ပြုထားခြင်းဖြစ်ရာ ဦးနေဦးမှ ပိုင်ဆိုင်ခြင်း၊ ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း၊ လူဦးရေစာရင်း၊ ယာယီသန်းခေါင်စာရင်း၊ ဧည့်စာရင်းတို့ဖြင့် နေထိုင်ခြင်းမရှိဘဲ ဖော်ပြပါလိပ်စာအတွင်း နေထိုင်သူအဖြစ် ကြေညာခြင်းမှာ လိမ်လည်ထားခြင်းသာ ဖြစ်ပါသည်။ ဦးနေဦးနှင့် ဒေါ်မူမူမြင့်တို့ ပေါင်းသင်းရာတွင် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်မှာ မှန်သော်လည်း သားသမီးဖြစ်သူများမှာ မိခင်နှင့်သာ အတူနေထိုင်လျက်ရှိပါသည်။ ပေါင်းသင်းသည့် (၁၇)နှစ်တွင် ဒေါ်မူမူမြင့် မိသားစုမှ လုပ်ကိုင်ခွင့် ပြုထားသော လုပ်ငန်း၏ ငွေကြေးများကို ဒေါ်မူမူမြင့် မသိဘဲ ခိုးယူသုံးစွဲခြင်း၊ ညစဉ်ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ပြုမူဆောင်ရွက်ပြီး နောက်ကျပြီးမှသာ အိမ်သို့ပြန်လာခြင်းဖြင့် ဒေါ်မူမူမြင့်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ရာ ဒေါ်မူမူမြင့်မှ မတတ်သာသည့်အဆုံး မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ တိုင်ကြားလျှောက်ထားရာ အဖွဲ့ချုပ်မှ နှစ်ဦးနှစ်ဖက် နှင့် သက်သေများအားခေါ်ယူစစ်ဆေးပြီးနောက် ဦးနေဦးအား အစ္စလာမ်တရားတော်ရလည်းကောင်း၊ အစ္စလာမ်ဓမ္မသတ်ဆုံးဖြတ်ချက်များအရလည်းကောင်း၊ မြန်မာနိုင်ငံ မွတ်ဆလင်(မ်) လင်မယား ကွာရှင်းရေး ဥပဒေအရလည်းကောင်း ကွာရှင်းပေးရန် ဆုံးဖြတ်ခဲ့ရာ ဦးနေဦးမှ မလာတော့ဘဲ ရှောင်တိမ်းနေသဖြင့် အဖွဲ့ချုပ်မှ အစ္စလာမ်တရားတော်နှင့်အညီ တွလာက်ဗာအင်န် တစ်ကြိမ် အတည်ပြုပြီး ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ဒေါ်မူမူမြင့်၏အစ်ကို ၊ အစ်မများမှ တစ်စုံတစ်ရာ ပြောဆိုဖိအားပေး၍ ကွာရှင်းခဲ့ခြင်းမဟုတ်ပါ။

ဒေါ်မူမူမြင့် လက်ရှိနေထိုင်သော အိမ်မှာ အစ်ကိုဖြစ်သူများ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့ပြီး ၂၀၀၇ ခုနှစ် ကုန်ပိုင်းမှစ၍ ဆိုင်ဖွင့်လုပ်လုပ်ကိုင်ရန်အတွက် ကျပ်ငွေသိန်းတစ်ထောင်တိတိကို အရင်းအနှီးအဖြစ် ပေးခဲ့ပါသည်။ လုပ်ငန်းလုပ်ဆောင်ရာတွင် ထပ်မံလိုအပ်ငွေ ကျပ်နှစ်ရာတစ်ဆယ့်ခုနစ်သိန်းကျော်အား လည်းပေးထားခဲ့ပါသည်။ အဆိုပါရင်းနှီးငွေများမှာ လုပ်ငန်းရင်းနှီးရန် ထုတ်ပေးခဲ့ပြီး လုပ်ငန်းမှာလည်း အစ်ကိုဖြစ်သူများပိုင် Asia Naple Co.,Ltd ၏ ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ဦးနေဦးမှ ငွေကြေးတစ်ပြားတစ်ချပ်မှ ရင်းနှီးခဲ့ခြင်းမရှိပါ။ ထို့အပြင်ဦးနေဦးမှ လွန်ခဲ့သော ၂၀၁၃ခုနှစ်မှစ၍ Asia Naple သံ ထည်ပစ္စည်း အရောင်းဆိုင်မှ ငွေကျပ်သိန်းတစ်ထောင့်ခြောက်ရာငါးဆယ်အား အလီလီ ထုတ်ယူခဲ့ပြီး ငွေကျပ်နှစ်ထောင့်တစ်ရာခြောက်ဆယ့် ခြောက်သိန်းအား ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အလီလီပေးအပ်ခဲ့ရာ အချိန်ကာလ စတင်ရင်းနှီးချိန်မှ တွက်လျှင်(၈)နှစ်ခန့် ကြာမြင့်ပြီးမှ အမြတ်ငွေ ကျပ်ငါးရာတစ်ဆယ့်ခြောက်သိန်း အား ပေးအပ်ခဲ့ပါသည်။ စာရင်းရှင်းလင်းတင်ပြမှု လုံးဝမရှိဘဲ ရရှိသင့်သော အမြတ်ငွေများအား အလွဲသုံးစား ပြုလုပ်ခဲ့သဖြင့် လိုအပ်ပါက ဦးနေဦးနှင့်တကွ ပူးပေါင်းလုပ်ကိုင်သူများအားလုံးကို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူမြင့်ထံတွင် ဦးနေဦးပိုင်ဟု သတ်မှတ်နိုင်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ လုံးဝမရှိပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်မူမူမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်လွင်(Advocate)**
**B.Com(A.A), D.E.P, R.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်စဉ်(၂၈၅၉/၁၉၈၄)**
**အမှတ် ၁၉၊ မြေညီထပ်၊ ၁၂၇လမ်း**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၂၀၁၂၄၁၄၉၊ ၀၁–၂၉၇၈၃၀**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်း ဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/99400, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြတ်သူ ၇/ပခန (နိုင်)၃၃၉၆၈၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၃၈၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဖြိုးအောင်၉/ရမသ(နိုင်)၁၄၈၇၀၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၁–၂၀၂၂) ခုနှစ် (၆လ)မီနီဘတ်ဂျက်အတွင်း အောက်ဖော်ပြပါပစ္စည်းအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) တင်ဒါခေါ်ယူ၍ ဝယ်ယူမည့်ပစ္စည်းအမည်
- (၁) Ø 630 mm HDPE Pipe (PN–6)

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** – ၂၀၂၂ ခုနှစ် မတ် ၇ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** – ၂၀၂၂ခုနှစ် မတ် ၂၂ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – ရေနှင့် သန့်ရှင်းမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** – တစ်စောင်လျှင် ၁၀၀၀၀/–နှုန်း

တင်ဒါပုံစံများအား ၇–၃–၂၀၂၂ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့ လာရောက်၍သော်လည်းကောင်း၊ online မှ သော်လည်းကောင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနခွဲမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း–၀၉–၂၂၁၅၆၇၅၊ e-mail:mcdc.wsdprocurement@gmail.com)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေနှင့်သန့်ရှင်းမှုဌာန**

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား ထောင်ဒဏ် နှစ် ၂၀ ချမှတ်

နေပြည်တော် မတ် ၄

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာသစ်နေ တရားခံ ဒေါ်အေးအေးနွယ်(ခ) မနွယ်(မိ)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မီးခွက်ဈေးအနီးနေ အေးသန်း(တိမ်းရှောင်)၊ လှမြင့်သိန်း(တိမ်းရှောင်)နှင့် တရုတ်နိုင်ငံနေ ရှမ်းတရုတ်မ(ခ)အားလီ (တိမ်းရှောင်)တို့သည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်နေ မ --- (၂၃ နှစ်)ကို တရုတ်နိုင်ငံတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအလုပ်အား သွားရောက်လုပ်ကိုင်ပါက စရိတ်ငြိမ်းတစ်လလျှင် ငွေကျပ်ခြောက်သိန်း ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံ ဟန်းနားမြို့နယ် ရှိတ်ဘောလီရွာနေ ဝမ်ရှင်းယုံထံ ယွမ်သုံးသောင်းဖြင့် ရောင်းစားခဲ့သဖြင့် သန်လျင်မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ ဖြင့် တောင်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၃ ရက် တွင် တရားခံ ဒေါ်အေးအေးနွယ်(ခ)မနွယ်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈ အရ အလုပ်နှင့်ထောင် ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံများကိုလည်း တရားခံပြေးအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၇၀၅၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းပိုင် ၁၀/သဖရ(နိုင်)၀၉၈၂၉၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ် (၃၁၇)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးထွန်းထွန်းဦး (NTG–၀၀၁၄၈၀) အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝင်းအောင် (၁၂/တမန (နိုင်) ၀၉၃၆၄၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးပြည့်ဖြိုးအောင်** LL.B. အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)

**Hein Htet San Law Firm** ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၄၂၀၁၂၄၀၀၃

## မွေးသက္ကရာဇ်အမှန်

ဦးဟောက်ဆွင်းချွဲလ် ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ တပ်ဦး သီတာရပ်ကွက်၊ နယ်မြေ(၄) နေ မောင်ပေါင်ကိမ်မုန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀–၆–၂၀၀၅ ဖြစ်ပါကြောင်း။ **မောင်ပေါင်ကိမ်မုန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်နေ ဒေါ်တင့်သီတာလှိုင် ၉/အမရ(နိုင်)၀၄၄၃၃၉ (ဘ) ဦးစိန်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင့်သီတာလှိုင်၏သမီးဖြစ်သူ မခိုင်ငြိမ်းဝေ(ဘ)ဦးစန်းဝေ ၉/အမရ(နိုင်) ၁၂၅၅၇၄ ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားခဲ့သဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူကြောင်း၊ ၎င်းမှာ မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်သက်ရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၆၈)**
**အောင်ဇေယျာ (၁၃)နယ်မြေ၊ နန္ဒဝန်ရပ်ကွက်၊ မိတ္ထီလာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/58129 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းအောင် ၉/ရမသ(နိုင်)၀၀၁၆၇၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးတင်အောင်ထွန်း ၇/ဒဥန(နိုင်) ၀၂၁၆၄၉ -ဒေါ်ခင်ပြုံးဆွေ ၇/ဒဥန(နိုင်)၀၂၁၆၃၀ တို့၏ သမီးဖြစ်သူ မသော်တာလမင်း ၇/ ပခန(နိုင်)၃၃၀၃၉၂ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ–**
**ဦးတင်အောင်ထွန်း–ဒေါ်ခင်ပြုံးဆွေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၂၈၈၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောဥမ္မာဦး ၁၀/သထန(နိုင်)၀၇၁၀၃၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/8074 ယာဉ်လက်ဝယ်ရှိသူ U KYAW THURAOO ၇/ဝမန(နိုင်)၁၆၇၂၁၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ အဖြစ်မှ နုတ်ထွက်ခြင်းအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ အမှတ်(၆၆-၇၆)တွင် ရုံခန်းဖွင့်လှစ်တည်ထောင်ထားသည့် ရွှေ(ကျေးလက်) အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက် (လိုင်စင်အမှတ်-၀၂၅၈/၂၀၁၇)၏ ၂-၂-၂၀၂၂ ရက်တွင် ကျင်းပခဲ့သော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များအရ လက်ရှိ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာဖြစ်သူ ဒေါ်ချမ်းမြေ့စံ ၁၂/လသန(နိုင်)၀၂၃၂၂၈ သည် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်းသည် ၄-၂-၂၀၂၂ ရက်မှ စတင်အကျိုးသက်ရောက်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီနှင့် ငွေရေးကြေးရေး ပတ်သက်ဆက်နွှယ်ဆောင်ရွက်လျက်ရှိသော အသင်းသားများ၊ အခြား Stakeholder များနှင့် အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

**ဒေါ်သဲနိုးစံ (ဒါရိုက်တာအဖွဲ့ဝင်)**
**ရွှေကျေးလက်အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ သဇင်လမ်း၊မြေကွက်အမှတ်(၁၆၈)၊ (၄၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးမင်းလွင်အမည်ပေါက်မြေချပါမစ်မူရင်းဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်စုစုလှိုင်(၁၂/ဒဂရ(နိုင်)၀၁၉၂၀၅)မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍ စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသိန်းထူး LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)

**ဦးဇော်မိုးလွင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁၊

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

မြဝတီမြို့နယ်နေ ကျွန်တော်ကိုဝင်းစိုး ၉/မလန(နိုင်)၀၉၁၅၄၀နှင့် ဒေါ်မိုးပြည့်စုံ ၃/မဝတ(နိုင်)၀၇၃၀၀၇ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၄-၂-၂၀၂၂ရက်တွင် ဆပ်သွားတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးပါ၍ ယခုအချိန်မှစတင်၍ ၎င်းနှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဝင်းစိုး**
**၉/မလန(နိုင်)၀၉၁၅၄၀**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ် ၁၂၂၅၊ စတုရန်းပေ (၂၄၀၀) ၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ဦးလှဝင်း ၁၀/ပမန(နိုင်)၀၉၅၉၁၄ မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီးအဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (တတိယထပ်-ညာ)၊**
**ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ စက်မှုရပ်ကွက်(ကျေးတော)၊ ကွင်းအမှတ်(၅၆၄)၊ ကျေးတောအနောက်ကွင်း၊ မြေကွက်အမှတ်(၂၂၂/၅၅၅ /၂)၊ မြေဧရိယာ ၀ ဒသမ ၀၆၁၈ဧကအား စစ်တွေမြို့၊ တရားသီးစုရပ်ကွက်နေ ဒေါ်နီနီအေး ၁၁/စတန(နိုင်)၀၁၆၀၀၈မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့် ရက်အထိ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးအောင်အောင်ထိုက် ၁၂/ဒဂတ(နိုင်)၀၂၉၆၄၃၏ သားမောင်မင်းထက်ကျော် ၁၂/ဒဂတ(နိုင်)၁၃၂၅၄၅သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မင်းထက်ကျော်နှင့်ပတ်သက်သည့် ကိစ္စအဝဝအား မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်ထိုက် ၁၂/ဒဂတ(နိုင်)၀၂၉၆၄၃**

## ဆီအုန်းဆီသီးခိုင်များ ရောင်းချနိုင်ရေး အဆိုပြုလွှာခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲအောက်ရှိ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ (အင်္ဂဘိုခြံ၊ စိန်ကလဲ့ခြံ)၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်ရှိ (ညောင်ပင်ကွင်းခြံ)နှင့် ကော့သောင်းခရိုင်ရှိ (မလိဝမ်း၊ အော်ကြီး၊ ဟတ်စဒင်း၊ ရေတံခွန်)ခြံတို့မှ ၂၀၂၂ခုနှစ် ဧပြီ ၁ရက်မှ ၂၀၂၃ခုနှစ် မတ် ၃၁ရက်အတွင်း ထွက်ရှိမည့် ဆီသီးခိုင်များအား ရောင်းချမည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ၂၅-၃-၂၀၂၂ရက် ၁၃:၀၀နာရီ နောက်ဆုံးထား၍ နှစ်ရှည်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်သို့ ဆန္ဒပြုလွှာများ ပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**နှစ်ရှည်သီးနှံဌာနခွဲ**
**ဖုန်း-၀၆၇-၃၄၃၁၂၀၃၊ ၃၄၃၁၁၂၂**
**ဖက်စ်ဖုန်း-၀၆၇-၃၄၃၁၁၀၇**

## အမွေထိန်းရန် သက်သေခံလက်မှတ် ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အမွေထိန်းရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

## မန္တလေးခရိုင်တရားရုံး၌

## ၂၀၂၂ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် - ၃၁

ကွယ်လွန်သူ ဦးအောင်ညွန့်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်ငွေငွေတင့် **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နေ ဒေါ်ငွေငွေတင့်က ကွယ်လွန်သူ ဦးအောင်ညွန့်၏ ဇနီးဖြစ်သူနှင့် ၎င်းကွယ်လွန်သူ ဦးအောင်ညွန့်မှ ကျန်ရှိရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေထိန်းရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ထိုသို့သော လျှောက်ထားကြောင်းကိုအများလူတို့သိကြားစေခြင်းငှာကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်ညွန့်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် မတ် ၁၇ရက် (၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) နံနက်၁၀:၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ငွေငွေတင့်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းစံပြကျေးရွာနေ ဦးကျော်ဝင်း ၅/ကဘလ(နိုင်)၀၉၆၆၁၉ နှင့် ဒေါ်စန်းစန်းဝင်း ၅/ကဘလ(နိုင်)၀၀၁၅၃၅တို့၏သားဖြစ်သူ မောင်အောင်ဆန်းမင်းသန့် ၅/ကဘလ(နိုင်)၁၉၃၇၄၂ သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်စန်းစန်းဝင်း**
**၅/ကဘလ(နိုင်)၀၀၁၅၃၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှမိုးအောင် ၁၄/ညတန(နိုင်)၁၂၆၇၆၇ ပိုင်ဆိုင်သော စူပါစတား(၁) ရ-ည-န/ရော-၁၄၃၁၏ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၃၂၃၉၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌

## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် -၁

ဒေါ်ယဉ်ယဉ်ဌေးပါ-၂ **နှင့်** ဦးသိုက်ထွန်း
**တရားလိုများ** **တရားပြိုင်**

ယခင်မန္တလေးမြို့၊ အကွက်(၅၈၉-က)၊ ၁x၂ လမ်းကြား၊ ဝိဇ္ဇာလမ်းနှင့်ရန်အောင်လမ်းကြား၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) ဦးသိုက်ထွန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် မတ် ၂၅ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင်အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ်၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ကရဏာ (၁)လမ်း၊ မြေကွက်အမှတ် ၆၅၊ မြေအကျယ်ပေ (၄၀x၆၀)ရှိ ဦးစိန်ပွင့်အမည်ပေါက် မြေချပါမစ်မြေကွက်မှ ခေါင်းရင်းခြမ်း၊ မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဟန်သိန်း (ဘ) ဦးစောဝင်း ၁၂/ရကန(နိုင်)၀၀၉၁၇၆မှ စာချုပ်အဆင့်ဆင့်ဖြင့် အပိုင်ဝယ်ယူ လက်ရှိထားကြောင်းပြော၍ ကျွန်ုပ်မိတ်ဆွေကို ရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ၎င်း၏ကမ်းလှမ်းချက်ကို ကျွန်ုပ်မိတ်ဆွေမှ လက်ခံပြီး အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်၊ အဆောက်အအုံနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် တရားဝင်ပေးပို့ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများပေးချေ၍ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၂)**
**အမှတ်A-3၊ 006၊ ကျိုက်/နောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၀၁၇၂၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်တွေမြို့၊ စက်မှုရပ်ကွက် (ကျေးတော)၊ ကွင်းအမှတ် (၅၆၄)၊ ကျေးတောအနောက်ကွင်း၊ မြေကွက်အမှတ်(၂၂၂ / ၅၅၅ /၁)၊ မြေဧရိယာ ၀ ဧရိယာ ၀၆၁ ဧကအား စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ ဒေါ်နိုင်နိုင်ဝင်း ၁၁/စတန(နိုင်)၀၆၇၅၉၀ မှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့် ရက်အထိ စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းဌေး ၁၄/လပတ(နိုင်)၀၀၇၇၈၅ ပိုင်ဆိုင်သော သိဒ္ဓိအောင်(ရညန/ရော-၀၈၆) ၏ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၉၈၀၅၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/2730 Nissan Diesel CV 450YN ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းသန်း ၁၃/ကမန(နိုင်)၀၈၃၁၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ လားရှိုး-မန္တလေးလမ်းမကြီး၊ စနေတိုက်တန်းရှိ "ကြယ်စင်ငြိမ်းချမ်း" စိန်ရွှေရတနာဆိုင်ပိုင်ရှင်ဖြစ်သူ ဦးငြိမ်းချမ်းသူ (ဘ) ဦးအောင်မင်းသူ ၉/ပဥလ(နိုင်)၀၃၇၈၇၈ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးငြိမ်းချမ်းသူသည် ၂၀၂၁ ခုနှစ်မှစ၍ ဆက်သွယ်ရေးကွန်ရက်ဖေ့ဘုတ်ကိုအသုံးပြု၍ ရင်းနှီးသည့် မိတ်ဆွေအချို့နှင့်စတင်ပြီး ရွှေနှင့်ပတ်သက်သည့်ငွေကြေးများ ရှယ်ယာလုပ်ကိုင်ခြင်း၊ Banking လုပ်ငန်းလုပ်ကိုင်ခြင်းနှင့်ငွေစုလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အသိမိတ်ဆွေများမှ ၎င်းတို့လည်း ပါဝင်လုပ်ကိုင်ဆောင်ရွက်လိုကြောင်း ပြောဆိုလာသည့်အတွက် ယင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ယင်းတို့အားလည်း ပါဝင်လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါသည်။ ၎င်းတို့ရရှိသည့် အကျိုးအမြတ်များကိုလည်း စာရင်းဇယားနှင့်တကွ ပုံမှန်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ဦးငြိမ်းချမ်းသူသည် ၎င်းလုပ်ကိုင်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ငွေကြေးလည်ပတ်မှု နှောင့်နှေးခြင်းများဖြစ်ပေါ်ခဲ့သောကြောင့် မိမိနှင့်လက်တွဲလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၏ အစုရှယ်ယာများ၊ အကျိုးအမြတ်များကို သတ်မှတ်ရက်တွင်း ထုတ်ပေးနိုင်ခြင်းမရှိခဲ့ပါ။

ထို့အပြင် ဦးငြိမ်းချမ်းသူသည် ၎င်းလုပ်ကိုင်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး လုပ်ငန်းရှင်များအား အစုရှယ်ယာများ၊ အကျိုးအမြတ်များ ထုတ်ပေးရန်ရှိသကဲ့သို့ ငွေကြေးများလည်း ရရှိရန်ရှိနေပါသည်။

သို့ပါသောကြောင့် ဦးငြိမ်းချမ်းသူအနေဖြင့် ၎င်းလုပ်ကိုင်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရရန်ရှိသည့်ငွေများကို ရရှိအောင် ဆောင်ရွက်၍ လည်းကောင်း၊ အခြားနည်းဖြင့် ဆောင်ရွက်၍ လည်းကောင်း မိမိနှင့်လက်တွဲလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၏ အစုရှယ်ယာများ၊ အကျိုးအမြတ်များကို စာရင်းဇယားနှင့်တကွ စာရင်းရှင်းလင်း၍ ပြေလည်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လိမ်လည် လှည့်ဖြားလိုသောသဘော၊ မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခဲ့ခြင်း အလျှင်းမရှိပါ။

အထူးသဖြင့် ဦးငြိမ်းချမ်းသူအနေဖြင့် ၎င်းနှင့် လက်တွဲလုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၏ အစုရှယ်ယာများ၊ အကျိုးအမြတ်များကို သတ်မှတ်ထားသည့်ရက်အတွင်း အဆင်ပြေအောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့်အပေါ် နားလည်ပေးကြပါရန်နှင့် လုပ်ငန်းရှင်များအားလုံး၏ ငွေကြေးများအပေါ် အဆင်ပြေအောင်(လျင်မြန်စွာ) စာရင်းရှင်းလင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်းသူ(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၅၀)**
**အကွက် (ဆဆ-၆/၂၇)၊ ၅၄(အေ)လမ်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၄၄၉၁၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၈၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမှုလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကြည်ဌေးလှ ၇/ဖမန(နိုင်)၀၇၆၂၁၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ) ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## သင့်ကြောင့် မီးမလောင်ပါစေနှင့်

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## အမည်မှန်

အထက(၄)စစ်တွေ၊ သတ္တမတန်းမှ (ဘ) ဦးစိုးလင်း ၏သမီး မအိကေခိုင်ဇင်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ အေးမြတ်ကေခိုင် ဖြစ်ပါကြောင်း။

**အေးမြတ်ကေခိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/7228 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

